# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၃၂၃)၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ ၂-၃-၂၀၂၅၊ တနင်္ဂနွေနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ဘုရား အစရှိသော ပညာရှိတို့သည် ဈာန်တရားကို လေ့လာပွားများကြ၍ ကိလေသာငြိမ်းရာ နိဗ္ဗာန်အာရုံ၌ မွေ့လျော်ကုန်၏။ သတိရှိတော်မူကြ၍ သစ္စာလေးပါး တရားကို ကောင်းစွာ သိတော်မူကုန်သော ထိုဘုရား အစရှိသည့် သူတော်ကောင်းတို့ကို နတ်တို့သည်လည်း ချစ်မြတ်နိုးကုန်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသော စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး တောင်သူလယ်သမားဦးကြီးများ၏ ကာယ၊ ဉာဏ၊ လုံ့လ ဝီရိယ၊ ခေတ်မီနည်းပညာ၊ မြေ၊ ရေ စသည့်အရင်းအမြစ်များအားလုံး ပေါင်းစပ်၍ ကြိုးပမ်းဆောင်ရွက်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ မတ်လ ၂ ရက်)

ချစ်ခင်လေးစားအားထားရပါသော တောင်သူလယ်သမားဦးကြီးများခင်ဗျာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ဖြစ်သော ၂၀၂၅ ခုနှစ်၊ မတ်လ (၂)ရက်နေ့ နေ့ထူးနေ့မြတ်အခါသမယတွင် နိုင်ငံတော်အတွင်းရှိ တောင်သူလယ်သမားဦးကြီးများအားလုံး ကျက်သရေမင်္ဂလာ အပေါင်းနှင့်ပြည့်စုံပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ချစ်ခင်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

တိုင်းရင်းသားပြည်သူတို့၏ စားရေရိက္ခာဖူလုံရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားဦးကြီးများ၏ ကြိုးစားအားထုတ်မှုနှင့် စွမ်းဆောင်မှုများကို အထူးဂုဏ်ပြုပါကြောင်းနှင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ပိုမိုတိုးတက်ကောင်းမွန်အောင် စွမ်းဆောင်နိုင်ကြပြီး တောင်သူလယ်သမားဦးကြီးများ၏ စီးပွားဥစ္စာ ဒီရေအလားတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

စာမျက်နှာ ၃ သို့ ☆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လျှပ်စစ်မီးဖွင့်ပွဲနှင့် မြစ်ရေတင်စီမံကိန်းဖွင့်ပွဲအခမ်းအနား တက်ရောက်



ပုသိမ် မတ် ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာအုပ်စု ငါးတဲစုကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲနှင့် ကညင်ငူကျေးရွာ မြစ်ရေတင်စီမံကိန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ငါးတဲစုကျေးရွာတွင် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာများပက်ဖျန်း၍ ကျေးရွာအတွင်းရှိ နေအိမ်များတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

နွားရေတိုက်ကျေးရွာအုပ်စု ငါးတဲစုကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၂၄-၂၀၂၅ တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေ ကျပ်သိန်း ၁၁၄ ဒသမ ၇၇၀ ဖြင့် ၁၁ ကေဗွီဓာတ်အားလိုင်း ၁ မိုင်နှင့် ၁၁/၀ ဒသမ ၄ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခဲ့ပြီးဖြစ်၍ ကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၁၇၈ စုအတွက် လျှပ်စစ်မီတာ ၄၅ လုံး တပ်ဆင် ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ကညင်ငူကျေးရွာတွင် ကျင်းပသည့် မြစ်ရေတင်စီမံကိန်းဖွင့်ပွဲသို့ တက်ရောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အဖွင့်အမှာစကားပြောကြား၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် နွေစပါးစံပြကွက်အား ကောက်စိုက်လုံမေများ၊ လက်ဆွဲကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်(စက်ပါ) အစေ့ချစက်များဖြင့် ရက် ၉၀မျိုးစပါး၊ ရေဆင်းပေါ်ဆန်း-၁၊ ရေဆင်းပေါ်ဆန်း-၂၊ ရွှေနံ့သာပေါ်ဆန်း-၂၊ အောင်နိုင်တိုး မျိုးစပါးများ စိုက်ပျိုးမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ရေကြည်မြို့နယ် ကျွန်းဒေါင့်ကျေးရွာ တောင်သူဦးမြင့်စိုး၏ ဆောင်းမြေပဲစံပြစိုက်ကွက် ၁၀ ဧကရိတ်သိမ်းမှုကို လည်းကောင်း၊ ဖူးရတနာ မြေပဲခွဲစက်နှင့် မြေပဲဆီသန့်ကြိတ်စက်ကို လည်းကောင်း ကြည့်ရှုအားပေးပြီး အရည်အသွေး ကောင်းမွန်စေသည့် မြေပဲဆီများ ကြိတ်ခွဲထုတ်လုပ်နိုင်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်စေရေးနှင့် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နှောကုန်းကျေးရွာ ရွှေစေတီ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော်များအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာကိစ္စများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများကို လျှောက်ထားတင်ပြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ (၆၃)နှစ်မြောက်တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် သန်လျက်စွန်းကျေးရွာရှိ တောင်သူဦးမြင့်စိုးနှင့် တောင်သူဦးဝင်းထိုက်၏ စိုက်ဧက ၂၀ တွင်(Super sun-41) နေကြာစိုက်ပျိုးဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေး၍ ပန်းတိုင်အထွက်နှုန်းရရှိနိုင်မှု အခြေအနေများ ဆွေးနွေးမေးမြန်းပြီး အောင်မြင်အောင် ဆောင်ရွက်စေရေး၊ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိ ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

သတင်းစဉ်

## (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

၂၀၂၅ ခုနှစ်၊ မတ် ၂ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး နေ့စဉ်

## လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့

မြန်မာနိုင်ငံရှိပြည်သူအားလုံးသည် ဆန်ကိုအဓိကစားသုံးကြသဖြင့် ဆန်စပါးစိုက်ပျိုးရေးသည် ပြည်တွင်းစားနပ်ရိက္ခာဖြစ်သည်သာမက ပြည်ပဝင်ငွေရရှိရေးကိုလည်း ရှာဖွေပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးကို အဓိကတာဝန်ယူထားရသည့် တောင်သူလယ်သမားများကို ဂုဏ်ပြုသည့်အနေဖြင့် မတ်လ ၂ရက်နေ့ကို တောင်သူလယ်သမားနေ့အဖြစ် သတ်မှတ်ထားခဲ့သည်။

တောင်သူလယ်သမားများသည် နှစ်ပေါင်းရှည်လျားစွာ နိုင်ငံအတွက်အကျိုးပြုခဲ့ကြရာ ၁၉၆၂ ခုနှစ်ရောက်မှသာ တောင်သူလယ်သမားနေ့ဟူ၍ အသိအမှတ်ပြုခံခဲ့ရသည်။ ထိုစဉ်က တောင်သူလယ်သမားများ စည်းလုံးညီညွတ်မှုရရှိစေရန်အတွက်လည်းကောင်း၊ တောင်သူလယ်သမားများသည် မြန်မာနိုင်ငံလွတ်လပ်ရေးသမိုင်းကြောင်းတွင် တိုက်ပွဲဝင်ခဲ့သည်ကို ဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ တောင်သူလယ်သမား နိုးနှောဖလှယ်ပွဲများ ကျင်းပပေးရာမှလည်းကောင်းတောင်သူလယ်သမားနေ့ပေါ်ပေါက်လာရသည်။ တောင်သူ လယ်သမားနေ့တွင် တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုခြင်းဖြစ်သလို တောင်သူလယ်သမားဦးကြီးများ၏ လူမှုစီးပွားမြင့်မားတိုးတက်အောင်လည်း ဆောင်ရွက်ပေးလာကြသည်။

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများ လူမှုစီးပွားမြင့်မားတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အပြည့်အဝကူးပြောင်းရေး၊ လယ်ယာသုံး စက်ကိရိယာများ ရင်းနှီးမြှုပ်နှံမှုနှင့် ထိုက်တန်သည့် အကျိုးစီးပွားရရှိစေရန် ဆိုင်ရာစက်ကိရိယာ၏ စွမ်းအားကို အပြည့်အဝအသုံးချနိုင်ရေး၊ တစ်ဧကထုတ်လုပ်မှုနှင့် လယ်ယာလုပ်သားတစ်ဦးချင်း၏ ထုတ်လုပ်မှုစွမ်းအားမြှင့်တင်ပေးနိုင်ရေး၊ လယ်ယာသုံး စက်ကိရိယာ သုတေသနလုပ်ငန်းများနှင့် နည်းပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ စက်မောင်း စက်ပြင်လုပ်ငန်း အပိုပစ္စည်း ရောင်းဝယ်ခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ပေးရေး အပါအဝင် စက်မှုလယ်ယာလုပ်ငန်းကို အခြေခံသည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေးစသည့် စက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာ ကူးပြောင်းရေးလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းဌာနအားလုံး ပေါင်းစည်းဆောင်ရွက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ယခုအခါ တောင်သူလယ်သမားများအတွက် စက်မှုလယ်ယာဝန်ဆောင်မှုအသင်းများကို ခိုင်မာသော စီးပွားရေးလုပ်ငန်းများအဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရေးနှင့် သမဝါယမအသင်းများအဖြစ် ဖွဲ့စည်းဆောင်ရွက်နိုင်ရေးတို့ကို အားပေးဆောင်ရွက်လျက်ရှိသည်။ အားကောင်းသော လယ်ယာလုပ်ငန်း အခြေပြုစီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်လာစေရန် စီမံအုပ်ချုပ်ရေးဆိုင်ရာ၊ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာများကိုလည်း သက်ဆိုင်ရာဌာနများက ပူးပေါင်းကူညီပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများမှဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင် ကြသည်။ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့မှ စတင်ကာ တောင်သူလယ်သမားများ၏ လူမှုစီးပွားမြင့်မားတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းပြီး စက်များအသုံးချ၍ စီးပွားရေးတွက်ခြေကိုက်ပြီး ဘေးကင်းလုံခြုံစွာ ဆောင်ရွက်နိုင်ကြစေရန် စက်ကိရိယာ အသုံးပြုမှု လက်တွေ့သရုပ်ပြ ပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများက အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## နွေသီးနှံအဖြစ် ကန်စွန်းဥများကို အများဆုံးပြန်လည်စိုက်ပျိုး



**မန္တလေး မတ် ၁**

ပုသိမ်ကြီးမြို့နယ်၊သံဘိုကျွန်းကျေးရွာတွင် နွေသီးနှံအဖြစ် ကန်စွန်းဥများကို အများဆုံးပြန်လည်စိုက်ပျိုးကြ သိရသည်။

ပြီးခဲ့သည့် ဆောင်းစိုက်ရာသီတွင် ကန်စွန်းဥအထွက်နှုန်းကောင်းပြီး ဈေးကောင်းရရှိခဲ့တာကြောင့် နွေသီးနှံကိုလည်း ကန်စွန်းဥကို ဆက်လက်စိုက်ပျိုးကြခြင်းဖြစ်ကြောင်း၊ နွေစိုက်ကန်စွန်းဥစိုက်ခင်းများမှာ ဆောင်းစိုက်ထက်စိုက်ပျိုးစရိတ် ပိုမိုကုန်ကျသလို အထွက်နှုန်းလည်း ဆောင်းစိုက်ထက်အထွက်နှုန်းနည်းလေ့ရှိကြောင်း၊ နွေစိုက်တွင် ရေ၊ ဆေးသေချာဂရုစိုက်သုံးစွဲလျှင် အထွက်နှုန်းကောင်းပြီး၊ ရေသေချာမပေးနိုင်ရင် အထွက်နှုန်းကျဆင်းနိုင်ကြောင်း သံဘိုကျွန်းကျေးရွာမှ ကန်စွန်းဥစိုက်တောင်သူ ဦးခင်မောင်ရင်က ပြောသည်။

"ဆောင်းစိုက်ကန်စွန်းဥများ တူးဖော်ပြီးပြီးချင်းကို မြေပြုပြင်ပြီး နွေသီးနှံအဖြစ် ကန်စွန်းဥများကို ပြန်လည်စိုက်ပျိုးကြပါတယ်။ နွေသီးနှံဆိုတော့ ၁၅ ရက်တစ်ပတ် တစ်ခါရေသွင်းစိုက်ပျိုးရပါတယ်။ ဆောင်းစိုက်သီးနှံထက် စိုက်ပျိုးစရိတ်ပိုကုန်ပါတယ်။ နွေစိုက်က ကန်စွန်းဥတစ်ဧကေ ငွေကျပ် ၁၇ သိန်း၊ ၁၈ သိန်းလောက်ကုန်ပါတယ်။ အထွက်နှုန်းကလည်း နွေစိုက်ကန်စွန်းဥက ကုန်ချိန် ၁၇၀၀-၁၈၀၀ လောက်သာရပါတယ်။ နွေစိုက်ကန်စွန်းဥက ရေပေး၊ ဆေးပေးမှန်ရင် ကုန်ချိန်ထွက်ပါတယ်"ဟု ၎င်းက ပြောသည်။

နွေစိုက်ကန်စွန်းဥ စိုက်ခင်းများကို ၁၅ ရက် တစ်ပတ်မှာ အနည်းဆုံးရေတစ်ကြိမ်ပေးပြီး စိုက်ပျိုးရကြောင်း မြေစတင်ပြုပြင်ကတည်းက မြေသြဇာတစ်ခါတည်း ထယ်ကြောင်းထဲထည့်ကျွေးပြီး အပင်အားဆေးကို တစ်ပတ်ချင်းလိုက်ပေးရကြောင်း နွေစိုက်ကန်စွန်းဥမှာရေနှင့် အပင်အာဟာရ ဖြည့်ပေးနိုင်မှသာ အထွက်နှုန်းကောင်းသည်။

ဆောင်းစိုက်ကန်စွန်းဥများ ဖော်ပြီးပြီးချင်း စိုက်ပျိုးသည့် စိုက်ခင်းများမှာ တစ်လသားခန့် ရရှိနေပြီး ၃လခန့်စိုက်ပျိုးရမည်ဖြစ်သည်။ ကန်စွန်းဥပိုးမကျရောက်အောင် ဆေးဖျန်းပေးရကြောင်း၊ ကန်စွန်းဥပိုးကျရောက်လျှင် တစ်ခင်းလုံးပျက်စီးတတ်တာကြောင့် သေချာစွာ ပြုစုစိုက်ပျိုးရကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## ရွှေနှင့် ပတ်သက်သည့် ရောင်းဝယ်လိုင်စင်ကြေး သုံးနှစ်အတွက် ငွေပေးသွင်းပြီး လုပ်ငန်းလိုင်စင်ထုတ်ယူရန်လို

ခတ်သတ္တု(ရွှေ)နှင့် ပတ်သက်သည့်ရောင်းခြင်း၊ ဝယ်ခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ကိုင်သူများသည် လိုင်စင်ကြေး သုံးနှစ်အတွက်ပေးဆောင်ပြီး လုပ်ငန်းလိုင်စင် ထုတ်ယူရန်လိုကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ထားသည်။

အဆိုပါ လိုင်စင်ကြေးမှာ သုံးနှစ်အတွက် ငွေကျပ် ၁၅ သိန်းဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရမည်ဟု ဆိုသည်။

"အမှတ်(၂)သတ္တုတွင်း လုပ်ငန်းရုံးအဖွဲ့ထံ ဘဏ်မှာ ငွေပေးသွင်းတဲ့ ပြေစာပြသရပါမယ်။လုပ်ထုံးလုပ်နည်းတွေ ဆောင်ရွက်ပြီးရင် ရွှေအရောင်းအဝယ်ပြေစာစာအုပ် နှစ် အုပ်ထုတ်ပေးမှာပါ။ စာအုပ် နှစ်အုပ်အတွက် ငွေကျပ် ၃၁၀၀၀ ပေးသွင်းရမှာပါ။ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များ အသင်းကလည်း လုပ်ငန်းလိုင်စင်ထုတ်ယူဖို့ အမည်စာရင်းပါသူတွေကို ထုတ်ပြန် အသိပေးထားပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရွှေရောင်းဝယ်ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်ကြေးပေးသွင်းခြင်း၊ လုပ်ငန်းလိုင်စင် ထုတ်ယူခြင်းနှင့် ရွှေရောင်းဝယ်မှုပြေစာစာအုပ်ထုတ်ယူခြင်းတို့ကို နေပြည်တော်ရှိ အမှတ်(၂)သတ္တုတွင်း လုပ်ငန်း၊ ခတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းရုံးအဖွဲ့ထံ ထုတ်ယူနိုင်သည်။



လုပ်ငန်းလိုင်စင်နှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှ ပုံစံ-(၁) လျှောက်လွှာ (၆)စောင်၊ ပုံစံ(၂)လျှောက်လွှာ (၃၄)စောင်၊ စုစုပေါင်းလျှောက်လွှာ အစောင်(၄၀)ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ခွင့်ပြုခဲ့ပြီး ဖြစ်သည်ဟု ဆိုသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**

## မနော်ဟရီပန်းချီပြခန်းနှင့် တူနှစ်ကိုယ်ပန်းချီပြပွဲ ဖွင့်လှစ် ပြသ

**မန္တလေး မတ် ၁**

မနော်ဟရီညပန်းချီပြခန်း ဖွင့်ပွဲနှင့် ပန်းချီပညာရှင် နှစ်ဦးတို့က ပန်းချီကားများကို ယနေ့ နံနက်ပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ ၅၆လမ်း၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြားတွင် ဖွင့်လှစ်ပြသခဲ့သည်။



ပြခန်းတွင် ပန်းချီဆရာနှစ်ဦးတို့က ပန်းချီကား ၄၀ တူညီသောရှုထောင့်များဖြင့် ရေးဆွဲပြသထားပြီး ပန်းချီကား ချစ်မြတ်နိုးသူများက လာရောက်ကြည့်ရှုကာ ဝယ်ယူကြကြောင်း၊ ပြပွဲကိုလည်း မတ် ၁ ရက်မှ ၃ ရက်အထိ သုံးရက်တိတိ ကျင်းပပေးသွားမည်ဖြစ်သည်။

"ပန်းချီတွေကို ကျွန်တော်နဲ့ ကျွန်တော့်အမျိုးသမီးရေးဆွဲထားတဲ့ ပန်းချီကားတွေကို တူနှစ်ကိုယ် ပန်းချီပြပွဲအနေနဲ့ နာမည်ပေးပြီး ပြသထားပါတယ်၊ ပန်းချီကားချပ်ပေါင်း လေးဆယ်ကျော်ပြသထားပါတယ်"ဟု ပန်းချီဆရာဇော်မင်းက ပြောသည်။

ပန်းချီပြခန်းနှင်ပြပွဲအခမ်းအနားသို့ မန္တလေးမြို့ခံပန်းချီဆရာ၊ ဆရာမများ၊ စာရေးဆရာများ၊ သတင်းထောက်များနှင့် ပန်းချီချစ်မြတ်နိုးသူများ တက်ရောက်ကြကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် **"တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်"**ဆိုသည့် ရှေ့လုပ်ငန်းစဉ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ရေး၊ MSME စက်မှုလုပ်ငန်းများကို အားပေးကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး၊ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ပြီး ပြည်တွင်းဖူလုံမှုမှသည် ပြည်ပတင်ပို့နိုင်ရေး စသည့် စီးပွားရေးဦးတည်ချက်(၃)ရပ်ကို ချမှတ်ပြီး ရေတို၊ ရေရှည်စီမံကိန်းများရေးဆွဲ၍ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။

တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ သီးနှံများအထွက်တိုးရေးပင် ဖြစ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် သီးနှံများကို ပန်းတိုင်အထွက်နှုန်းများရရှိရေး အလေးပေးဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲရေး၊ မြေစနစ်တကျပြုပြင်ခြင်း၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာများ အချိန်ကိုက် အချိုးကျစနစ်တကျသုံးစွဲ၍ မြေဆီလွှာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ စိုက်ပျိုးရေ အောင်ရေရရှိရေးနှင့် စိုက်နည်းစနစ်မှန်ကန်ရေး စသည့် မျိုး၊ မြေ၊ ရေ၊ နည်းဆိုသော နည်းလမ်းလေးသွယ် ပြည့်စုံကောင်းမွန်ရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ သီးနှံများ ပိုမိုထွက်ရှိရေးနှင့် သီးထပ်စွမ်းအား မြင့်မားစေရေးအတွက် တစ်သီးစိုက်လယ်မြေများကို နှစ်သီးစိုက်၊ သုံးသီးစိုက် စသည့်သီးထပ်စိုက်ပျိုးနိုင်ရေး ဒေသအလိုက်၊ ရာသီအလိုက် သီးနှံပုံစံများ ချမှတ်ဆောင်ရွက်စေလျက်ရှိပါသည်။

လက်ရှိစိုက်ပျိုးနေသော စိုက်ပျိုးမြေများတွင် စိုက်ပျိုးသည့် သီးနှံအလိုက် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ကြိုးစားဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအား နှစ်ဆမှ သုံးဆအထိရရှိအောင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် တောင်သူများအနေဖြင့် ဝင်ငွေတိုးစေနိုင်သလို နိုင်ငံတော်အတွက်လည်း စီးပွားဖွံ့ဖြိုးတိုးတက်စေပြီး **"မြေကြီးက ရွှေသီးသည်"**ဟု ဆိုရမည်ဖြစ်ပါသည်။

တောင်သူဦးကြီးများအတွက် မျိုးကောင်းမျိုးသန့်များ အလွယ်တကူရရှိ စိုက်ပျိုးနိုင်စေရန် မျိုးစေ့ထုတ်လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခြင်း၊ မျိုးစေ့ထုတ်အထူးဇုန်များ ဖော်ထုတ်ဆောင်ရွက်ပေးခြင်းတို့အပြင် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များနှင့် အထွက်တိုးရေးဆိုင်ရာ သုတေသနများကို လေ့လာနိုင်ရန် မျိုးစေ့ပြပွဲများကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတွင် အဓိကကျသည့် မြေဆီလွှာများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာများ တွဲဖက်အသုံးပြုခြင်း၊ မြေဖုံးပင်များစိုက်ပျိုးခြင်း၊ လေကာပင်စိုက်ပျိုးခြင်း၊ သီးလှည့်စိုက်ပျိုးခြင်း၊ ကုန်းမြင့်တောင်စောင်း ဒေသများတွင် လှေကားထစ်စိုက်ပျိုးခြင်း၊ ကွန်တိုစနစ်ဖြင့်စိုက်ပျိုးခြင်း၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း စသည့် စိုက်ပျိုးနည်းစနစ်များသုံးကြရန် လိုအပ်ပါသည်။ ထို့ပြင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝမြေသြဇာများ ပြုလုပ်သုံးစွဲခြင်း၊ နွားချေး၊ ကြက်ချေးများအပြင် EM ဘိုကာရှီမြေဆွေးများ၊ ငါးအမိုင်နိုအက်ဆစ်များ အသုံးပြုခြင်း၊ ပိုက်ဆံလျှော်ကဲ့သို့သော သစ်စိမ်းမြေသြဇာများ စိုက်ပျိုး၍ ထယ်ထိုးမြေမြှုပ်ခြင်း စသည့်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးသည်သာမက အရည်အသွေးကောင်းပြီး ဈေးနှုန်းမှန်ကန်သည့် သွင်းအားစုများကို တောင်သူများ သုံးစွဲနိုင်ရေးအတွက်လည်း မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများဖြင့် ထိန်းကျောင်း၍ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်လည်း သွင်းအားစုကုမ္ပဏီများနှင့် ချိတ်ဆက်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရန်နှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ဆည်ရေပေးဝေမှုလုပ်ငန်းသည် လွန်စွာအရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဆည်မြောင်းစီမံကိန်းများကို အလေးထား ရင်းနှီးမြှုပ်နှံပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် ရေလှောင်တမံ ၂၄၆ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခု၊ ရေတင်လုပ်ငန်း ၂၁၉ ခု စုစုပေါင်း ၈၈၀တို့အား ဆောင်ရွက်ထားရှိပြီး လက်ရှိတွင် စိုက်ပျိုးသီးနှံဧက ၃.၁သိန်းကျော်အား အကျိုးပြုလျက်ရှိပါသည်။ ထို့ပြင် စိုက်ပျိုးရေရရှိမှု ခက်ခဲသည့်ဒေသများတွင် မြေအောက်ရေ အရင်းအမြစ်များကို အသုံးပြုရန်အတွက် စက်ရေတွင်း ၂၅၇၆၉ ခုကို တူးဖော်ထားရှိပေးထားပြီး မြေအောက်ရေလှောင်တမံများကို တည်ဆောက်ပေးလျက်ရှိပါသည်။ ယာယီချောင်းပိတ်တမံများတွင် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေခြင်း၊ ရေကြီးနစ်မြုပ်မှုနှင့် ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်အတွက် ရေဘေးကာကွယ်ရေးတာများ၊ ရေငန်တားတာများ တည်ဆောက်ခြင်းနှင့် ချောင်းကော၊ မြောင်းကောများ၊ ချောင်းရိုးများနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးရေးအသိပညာ ဖြန့်ဖြူးမှုကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာတွင် သုတေသနတွေ့ရှိချက်များ၊ ခေတ်မီနည်းပညာများ၊ မျိုးကောင်း၊ မျိုးသန့်နှင့် နည်းစနစ်ကောင်းများကို တောင်သူကြီးများ ယုံကြည်လက်ခံ ကျင့်သုံးလာစေရန် စိုက်ပျိုးပညာပေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ **"တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း"**မှ ထုတ်လွှင့်ပေးခြင်း၊ မြဝတီရုပ်မြင်သံကြားမှ **"စိုက်ပျိုးသုတ"** အစီအစဉ်ဖြင့် ထုတ်လွှင့်ပေးခြင်း၊ မြန်မာ့အသံရေဒီယိုလိုင်းမှ **"သုတပဒေသာ စိုက်ပျိုးနည်းပညာအစီအစဉ်"** ဖြင့် ထုတ်လွှင့်ပေးခြင်း၊ တိုင်းရင်းသားဘာသာစကားဖြင့် ထုတ်လွှင့်ပေးခြင်းတို့အပြင် ဒို့ကျေးရွာဂျာနယ်ကဲ့သို့သော ဂျာနယ်များ၊ စာစောင်များဖြင့်လည်း အသိပညာဖြန့်ဝေလျက်ရှိပါသည်။ အင်တာနက်ကို အသုံးပြု၍ စိုက်ပျိုးရေးဆိုင်ရာနည်းပညာနှင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် တောင်သူလယ်သမား ဦးကြီးများအနေဖြင့် မိမိတို့သိလိုသည့် နည်းစနစ်များကို အလွယ်တကူ လေ့လာသိရှိနိုင်ပြီ ဖြစ်ပါသည်။

ပြည်ပမှ စားအုန်းဆီတင်သွင်းမှုလျှော့ချရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သောစားသုံးဆီများ ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ စသည့်သီးနှံများကို စီမံကိန်းလျာထားသည့်အတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးထား တိုက်တွန်းမှာကြားလိုပါသည်။

မိမိတို့နိုင်ငံ၏ ဝါသီးနှံစိုက်ပျိုးမှုမှ ထွက်ရှိသော ဝါဂွမ်းကုန်ကြမ်းများသည် ပြည်တွင်းသုံးစွဲရန် လုံလောက်မှုရှိသော်လည်း ချည်များကို ပြည်ပမှ တင်သွင်းနေရဆဲဖြစ်ပါသည်။ ပြည်ပမှ ချည်နှင့် ချည်ထွက်ပစ္စည်းများ၊ အဝတ်အထည်များ တင်သွင်းမှုလျှော့ချနိုင်ရန်နှင့် ပြည်တွင်းလိုအပ်ချက်ကို အရည်အသွေးမီ ထုတ်လုပ်ဖြည့်ဆည်းနိုင်ရန်အတွက် ဝါသီးနှံအထူးဇုန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တစ်ဧကအထွက်နှုန်း ပိဿာ ၇၀၀ ထွက်ရှိရေးနှင့် အရည်အသွေးကောင်းဝါနှင့် ဂွမ်းများရရှိရေးတို့ကို အဓိကရည်မှန်း ဆောင်ရွက်လျက်ရှိပါသည်။ ထွက်ရှိလာသည့် အရည်အသွေးကောင်း ဝါနှင့် ဂွမ်းတို့ကို အသုံးပြုပြီး အဆင့်မီသည့်ချည်ထည်များ ထုတ်လုပ်နိုင်ရန်အတွက် ဝါအခြေခံစက်မှုလုပ်ငန်းများဖြစ်သည့် ဝါကြိတ်စက်များ၊ ချည်မျှင်နှင့် အထည်စက်ရုံများကို အဆင့်မြှင့်တင်ပေးပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်း၊ MSME လုပ်ငန်းများ တိုးတက်စေရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်တွင်းအဝတ်အထည် လိုအပ်ချက်ကို ပြည်တွင်းထွက်ဝါများဖြင့် လုံလောက်စွာထုတ်လုပ်ပြီး ပြည်သူများအနေဖြင့်လည်း ပြည်တွင်းဖြစ် အဝတ်အထည်များကို အလေးထားအသုံးပြုကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပုဂ္ဂလိကကဏ္ဍအနေဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်သည့် ဆန်၊ ဂျုံ၊ ပြောင်း၊ ဆီထွက်သီးနှံ မျိုးစုံ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စသည်တို့ကို ကုန်ချောပြုပြင်ထုတ်လုပ်သည့် စားသောက်ကုန်လုပ်ငန်းများနှင့် ကော်ဖီ၊ ရော်ဘာ၊ ဝါ၊ ကြံ၊ ဆေးရွက်ကြီး၊ ဂုန်လျှော် စသည်တို့ကို ကုန်ချောထုတ်လုပ်သည့် စက်မှုကုန်ကြမ်းသီးနှံလုပ်ငန်းများအား ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆောင်ရွက်ပေးခြင်းဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်လာနိုင်ပြီး သီးနှံများ ဈေးကွက်တွင် အဆင့်မီစွာ ထုတ်လုပ်ရောင်းချနိုင်၍ တောင်သူများဝင်ငွေတိုးကာ လူနေမှုဘဝ တိုးတက်မြင့်မားလာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အထောက်အကူပြုရန် လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ ၁၅ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာတွင် အလယ်အလတ်အဆင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့သည့်အပြင် အခြေခံပညာအထက်တန်းကျောင်းများတွင် တွဲဖက်၍ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအတတ်ပညာသင် အထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ ဖွင့်လှစ်ပေးခဲ့ရာ လက်ရှိတွင် စုစုပေါင်း ၈၅ ကျောင်းအထိ ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။

**တောင်သူလယ်သမားဦးကြီးများခင်ဗျာ**

စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးလုပ်ငန်းများပါ ဆက်စပ်လုပ်ကိုင်လျက်ရှိသောကြောင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း မြှင့်တင်ကြရန် မှာကြားလိုပါသည်။ ပြည်သူများ အာဟာရပြည့်ဝစေရေးအတွက် အသားဓာတ်ရရှိနိုင်သည့် သား၊ ငါး၊ နို့၊ ကြက်ဥ၊ ဘဲဥနှင့် ငုံးဥများထုတ်လုပ်ရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးပါသည်။ နိုင်ငံတော်အနေဖြင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် နို့စားနွား၊ အသားတိုးနွားများ တိုးချဲ့မွေးမြူခြင်း၊ ထုတ်လုပ်မှုမြင့်မားသည့် မျိုးကောင်းမျိုးသန့်များ ပေါ်ထွန်းလာရေးဆောင်ရွက်ခြင်း၊ မွေးမြူရေးဇုန်များ ဖော်ဆောင်ပြီး နွား၊ ဝက်၊ ကြက်၊ ဘဲ၊ သိုး၊ ဆိတ်များ မွေးမြူထုတ်လုပ်ခြင်းနှင့် အရည်အသွေးပြည့်မီသည့် နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ပံ့ပိုးကူညီခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်ဆောင်ရွက်ခြင်းအားဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေးအတွက် မြစိမ်းရောင်(အသားကဏ္ဍ)ကျေးရွာများ ထူထောင်ပြီး အောင်မြင်မှုရရှိရေးကိုလည်း မှာကြားလိုပါသည်။ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိ၍ ထုတ်လုပ်မှုကောင်းသည့် နွားမျိုးကောင်းမျိုးသန့် တိရစ္ဆာန်များကို တောင်သူများထံသို့ ဖြန့်ဖြူးခြင်း၊ သဘာဝဘေးဒဏ်သင့်ဒေသများသို့ တိရစ္ဆာန်အစာနှင့် ဆေးဝါးများ ထောက်ပံ့ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ရောဂါဖြစ်ပွားမှုများအား ထိန်းချုပ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ရောဂါစူးစမ်းလေ့လာခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် မွေးမြူသူများ၏ အရင်းအနှီးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက် မတည်ငွေများ ထုတ်ပေးပံ့ပိုးလျက်ရှိပါသည်။ စိုက်ပျိုးမွေးမြူရေး မြစိမ်းရောင်စီမံကိန်းဖြင့် အသားတိုးကြက်၊ ဥစားဘဲ၊ အသားတိုးဝက်မွေးမြူရေး စီမံကိန်းလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိသည့်အပြင် နို့စားနွား၊ အသားတိုး နွား၊ ဥစားကြက်၊ သိုး၊ ဆိတ် မွေးမြူရေးစီမံကိန်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

- **တောင်သူဦးကြီးများအတွက် မျိုးကောင်းမျိုးသန့်များ အလွယ်တကူရရှိ စိုက်ပျိုးနိုင်စေရန် မျိုးစေ့ထုတ်လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခြင်း၊ မျိုးစေ့ထုတ်အထူးဇုန်များ ဖော်ထုတ်ဆောင်ရွက်ပေးခြင်းတို့အပြင် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များနှင့် အထွက်တိုးရေးဆိုင်ရာ သုတေသနများကိုလေ့လာနိုင်ရန် မျိုးစေ့ပြပွဲများကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိ**
- **အရည်အသွေးကောင်းပြီး ဈေးနှုန်းမှန်ကန်သည့် သွင်းအားစုများကို တောင်သူများသုံးစွဲနိုင်ရေးအတွက်လည်း မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများဖြင့် ထိန်းကျောင်း၍ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်လည်း သွင်းအားစုကုမ္ပဏီများနှင့် ချိတ်ဆက်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိ**

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

ငါးကဏ္ဍအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငါး၊ ပုစွန် ဖမ်းဆီးမွေးမြူခြင်းမှ မက်ထရစ်တန်ချိန် ၆၃၂၀၀၇၀ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ရေထွက်ကုန်ပစ္စည်း ၃၂၂ မျိုးခန့်ပါဝင်သည့် မက်ထရစ်တန်ချိန် ၅၂၂၅၇၀ ကို ပြည်ပနိုင်ငံပေါင်း ၄၀ သို့ တင်ပို့နိုင်ခဲ့ပြီး အများစုမှာ ပြည်တွင်းငါးရိက္ခာ လိုအပ်ချက်ကို အဓိကဖြည့်တင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးလက်နေပြည်သူများ၊ ငါးမွေး တောင်သူများအား ပုံမှန်ဝင်ငွေရရှိရေးအတွက် အခြေခံငါးမွေးမြူရေးနည်းပညာများ သိရှိနားလည်စေရန် ငါးဆေးထိုးသားဖောက်ခြင်းနှင့် ငါးမွေးမြူနည်းပညာများအား သိရှိနားလည်ရန်ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ မိသားစုတစ်ပိုင်တစ်နိုင်ကန်များတွင် ငါးမွေးမြူခြင်းနှင့် ကန်ပေါင်တွင် စိုက်ပျိုးခြင်း၊ မွေးမြူမည့် ငါး၊ ပုစွန် သားပေါက်များ ရောဂါကင်းရှင်း ကျန်းမာစေရန် စစ်ဆေးပေးခြင်း၊ ရောဂါထိန်းချုပ်ရေးလုပ်ငန်းဝန်ဆောင်မှုပေးခြင်းနှင့် ရေထွက်ကုန်များ ပြည်ပသို့ တင်ပို့နိုင်ရန် ရောဂါကင်းရှင်းကြောင်း ထောက်ခံချက် (Health Certificate)ထုတ်ပေးလျက်ရှိပါသည်။

**တောင်သူလယ်သမားဦးကြီးများခင်ဗျာ**

နိုင်ငံတော်က တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ရှေးရှု၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၈)ရက်နေ့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး ကဏ္ဍပေါင်းစုံမှ တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာလုပ်ငန်းများအား ထိရောက်စွာအကျိုးပြုနိုင်မည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်၍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် လယ်ယာထွက်ကုန်နှင့် တိရစ္ဆာန်ထွက်ကုန် ပစ္စည်းများကို ပြည်တွင်းဖူလုံမှုသာမက ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် အရှိန်အဟုန်မပျက် ထုတ်လုပ်နိုင်သည်အထိ အမျိုးမျိုးသော အခက်အခဲများကြားမှ လုံ့လဝီရိယဖြင့် စွမ်းအားပြည့် ဆောင်ရွက်ပေးခဲ့ကြပါသော တောင်သူလယ်သမားဦးကြီးများကို အစဉ်အမြဲ ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားဦးကြီးများ၏ ကာယ၊ ဉာဏ၊ လုံ့လဝီရိယ၊ ခေတ်မီနည်းပညာ၊ မြေ၊ ရေ စသည့် အရင်းအမြစ်များ အားလုံးကို ပေါင်းစပ်၍ မျှော်မှန်းထားရှိသည့် ရလဒ်များရရှိနိုင်ရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းအပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

နေပြည်တော် မတ် ၁

ပြင်ဦးလွင်ဒေသရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ သုတေသနဌာနခွဲ(ပြင်ဦးလွင်)၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဇန်နဝါရီ ၁၁ ရက်က ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲတွင် လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော်နိုင်ရန် စက်မှုဝန်ကြီးဌာနအပြင် ဒေသဆိုင်ရာ အာဏာပိုင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်း ရေတို/ရေရှည် ခွဲခြားပြီး စောင့်ကြည့်ကြပ်မတ်ခြင်းများ ပုံမှန်ပြုလုပ်ပေးရန် လိုအပ်သည့်အတွက် သက်ဆိုင်ရာဌာနများ၊



MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ဌာနအလိုက်၊ လုပ်ငန်းများအလိုက် ဆောင်ရွက်ပေးနေမှု၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဆွေးနွေးတင်ပြပေးရန် ပြောကြားလိုကြောင်း၊ စုပေါင်းဆောင်ရွက်မှသာ လိုအပ်ချက်များကို မြန်မြန်ဆန်ဆန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေအရ အကြီးစားလုပ်ငန်း ၅၃ ခု၊ အလတ်စားလုပ်ငန်း ၆၄ ခုနှင့် အငယ်စားလုပ်ငန်း ၄၂ ခု စုစုပေါင်းလုပ်ငန်း ၁၅၉ ခုကို ပုဂ္ဂလိက စက်မှုလုပ်ငန်းမှတ်ပုံတင်ထုတ်ပေးထားနိုင်ခဲ့ပြီး အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအနေဖြင့် အသေးစားစီးပွားရေးလုပ်ငန်း ၇၇ ခု၊ အလတ်စားစီးပွားရေးလုပ်ငန်း ၂၈ ခု စုစုပေါင်း ၁၀၅ ခုကို SME Member Card နှင့် ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းရန်ပုံငွေကျပ် ၈ ဘီလီယံမှလည်း MSME နှင့် အခြားကဏ္ဍများမှ လုပ်ငန်းရှင် ခြောက်ဦးကို ချေးငွေ ကျပ်သန်း ၂၃၁ ဒသမ ၀၃ ထုတ်ချေးပေးနိုင်ခဲ့ကြောင်း၊ ပြင်ဦးလွင်ဒေသမှထွက်ရှိသော ကော်ဖီ၊ ဝိုင်နှင့် ယိုမျိုးစုံများသည် သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့် ညီညွတ်အောင် ထုတ်လုပ်ထားသဖြင့် အရသာကောင်းမွန်ပြီး ဈေးကွက်လည်း ရရှိပြီးဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးရန်သာမက ပြည်ပသို့ တင်ပို့နိုင်ရေး၊ ပြည်ပဈေးကွက် ပိုမိုထိုးဖောက်နိုင်ရေးအတွက်လည်း ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် MSME လုပ်ငန်းရှင်များမှ လုပ်ငန်းများ တိုးချဲ့နိုင်ရေးအတွက် စက်ပစ္စည်းများဝယ်ယူရန်၊ လုပ်ငန်းလည်ပတ်ရန်တို့အတွက် ချေးငွေရရှိရေး၊ FDA အသိအမှတ်ပြုလက်မှတ်ရရှိရေး၊ လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများက တင်ပြချက်များအပေါ် ဆောင်ရွက်ပေးမည့် အခြေအနေတို့ကို ပြန်လည်ရှင်းလင်းဖြေကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြား၍ ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန်များကို အားပေးကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Favourite ကော်ဖီထုတ်လုပ်ခြင်းလုပ်ငန်း၌ အရည်အသွေးထိန်းသိမ်းရေး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ကော်ဖီမှုန့်များ ထုတ်လုပ်နေမှုတို့ကို အားပေးကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■ စာမျက်နှာ ၂၄ မှ

အောင်မြင်သည့် တောင်သူလယ်သမားတို့ဘဝကို သရုပ်ဖော်ထားသော ရည်ရွယ်ချက်ကောင်းသည့် မြန်မာဇာတ်ကားတစ်ကားဖြစ်သည်။ ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ကြသည့် သရုပ်ဆောင်များသည် ဇာတ်လမ်းနှင့်ကိုက်ညီသည့် ဇာတ်ဆောင်များကို ရွေးချယ်ထားသည့်အတွက် ထိုအချိန်က မြန်မာရုပ်ရှင်ဇာတ်ကားများကို တရုတ်နိုင်ငံအပါအဝင် ကြိုက်နှစ်သက်ကြသည့်နိုင်ငံများက ဝယ်ယူလေ့ရှိသည်။ ၁၉၅၅ ခုနှစ်တွင် "သူချစ်" ရုပ်ရှင်ဇာတ်ကားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက စတာလင်ပေါင် ၂၅၀၀ဖြင့် ဝယ်ယူပြသခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် တရုတ်နိုင်ငံ ပီကင်းမြို့၌ ကျင်းပသည့် အာရှရုပ်ရှင်ပွဲတော်တွင် တရုတ်ဘာသာစကား အသံသွင်း၍ ပြသခဲ့ရာ နိုင်ငံတကာက လေးစားချီးကျူးမှုများရရှိခဲ့သည်ဟု သိရသည်။

"သူချစ်" မြန်မာ့ရုပ်ရှင် ဇာတ်ကားကို တရုတ်နိုင်ငံက ယခုအခါ ခေတ်နှင့်အညီ အရုပ်၊ အသံအရည်အသွေး မြင့်မားသည့် Digital Format အဖြစ်သို့ ပြောင်းလဲနိုင်ခဲ့ပြီး မြန်မာ-တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက်အထိမ်းအမှတ် အဖြစ် ပြန်ကြားရေးဝန်ကြီးဌာနသို့ အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Channel များ တွင် အခါးအားလျော်စွာ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့နှင့်အတူ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်လမ်းရှိ ဝဇီရာရုပ်ရှင်ရုံ ပြင်ဆင်ထိန်းသိမ်းထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝဇီရာရုပ်ရှင်ရုံကို မြန်မာနိုင်ငံ၏ ဂုဏ်ပြုခံရုပ်ရှင်ရုံ(Red Carpet Cinema)အဖြစ်ထားရှိ ဆောင်ရွက်ရန် လိုအပ်သည်များ ပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိသည်။ ဝဇီရာရုပ်ရှင်ရုံ၏ တည်နေရာသည် ဆူးလေစေတီတော်အနီး ရန်ကုန်မြို့၏ အချက်အချာကျသည့် နေရာတွင် တည်ရှိနေသဖြင့် ရုပ်ရှင်လုပ်ငန်းများကိုသာမက အနုပညာနှင့် ဆက်စပ်သည့် အခြားလုပ်ငန်းများအားလုံးကိုလည်း ဆောင်ရွက်နိုင်သည့် အကောင်းဆုံးနေရာတစ်ခုဖြစ်သည်။ ထို့ပြင် ရန်ကုန်မြို့သို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသွားများအား မိမိတို့တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအနုပညာများ၊ မြန်မာတို့၏ ယဉ်ကျေးမှု အက အလှပသာဒများဖြင့် ဖျော်ဖြေတင်ဆက်၍ မိမိတို့၏ ယဉ်ကျေးမှုတန်ဖိုးများ မြင့်မားပြန့်ပွားအောင် လုပ်ဆောင်နိုင်သည့် အနေအထားရှိသည်။

ဝဇီရာရုပ်ရှင်ရုံကို ၁၉၂၄ ခုနှစ်ခန့်တွင် တည်ဆောက်ခဲ့သည်ဟု ယူဆရပြီး ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်၌ တည်ရှိသည်။ ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ပြင်သစ်ဗိသုကာ အသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံဖြစ်ပြီး ရုပ်လုံးရုပ်ကြွများဖြင့် တန်ဆာဆင်ထားသည်။ မူလ အမည်မှာ New Excelsior ရုံဖြစ်ပြီး ၁၉၄၂ ခုနှစ်ခန့်တွင် အောဝမ်းရုပ်ရှင်ရုံအဖြစ်လည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် ဝဇီရာရုပ်ရှင်ရုံအဖြစ်လည်းကောင်း အမည်များ ပြောင်းလဲခဲ့ကြောင်း သိရသည်။

ဝဇီရာရုပ်ရှင်ရုံကြီးကို ပြင်ဆင်ထိန်းသိမ်းပြီးပါက ဂုဏ်ပြုခံရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာတစ်ခုအဖြစ် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတကာရုပ်ရှင်ပွဲတော်များ၊ ရုပ်ရှင်နှင့်ပတ်သက်သည့် အမှတ်တရပွဲများ၊ Memory Film Festival ကဲ့သို့ ပွဲတော်များ ကျင်းပခြင်း၊ ပြည်ပခရီးသွား ဧည့်သည်များ ရှေးဟောင်းအမွေ အနှစ်ပြတိုက်တစ်ခုအဖြစ် လည်ပတ်ရန် နေရာတစ်ခုအဖြစ် ဖန်တီးခြင်း၊ စနေ၊ တနင်္ဂနွေနေ့များတွင် ရှေးဟောင်းဇာတ်ကားများ ပြသခြင်း၊ ရုပ်သေးပွဲများပြသခြင်း၊ ရုပ်ရှင်နှင့်ပတ်သက်သည့် ပြခန်းများ ပြသခြင်းတို့ကိုပါ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးအောင် (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အခမ်းအနား ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ စွယ်တော်မြတ်စေတီတော်တွင်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများ၊ အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီးကိုဖူးမြော်၍ မြို့ရိုးနှင့် ကျုံး၊ မဟာဇေယျပထ-မောင်အိုတံတားနှင့် အုတ်လမ်းတို့အား ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းနိုင်ရေး လေ့လာဆန်းစစ် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု

**မန္တလေး မတ် ၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ် အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ စွယ်တော်မြတ်စေတီတော်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ အင်းဝရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေရှိ လောကသရဖူဘုရားကြီးအား ဖူးမြော်ပြီး မဟာဇေယျပထ(ခ)မောင်အိုတံတားနှင့် အုတ်လမ်း၊ မြို့ရိုးနှင့်ကျုံးတို့အား လိုက်လံကြည့်ရှုခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားစည်ကားသိုက်မြိုက်စွာ ကျင်းပမည့် ချမ်းမြသာစည်မြို့နယ်၊ ဆင်ဖြူကန်ကွင်းသို့ရောက်ရှိပြီး နိုင်ငံ့စီးပွားတိုးတက်အောင် ဆောင်ရွက်ရာ၌ အရေးပါသည့်အခန်းကဏ္ဍတွင်ပါဝင်သည့် လယ်ယာ၊ စိုက်ပျိုးရေးနှင့် ဆက်စပ်ကဏ္ဍအလိုက် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက ပြခန်းများ၊ မျိုး၊ မြေ၊ ရေ၊ နည်းအထောက်အကူပြု အသိပညာပေးပြခန်းများ၊ လယ်ယာသုံးစက်ကိရိယာများနှင့် စက်ပစ္စည်းများ၊ မျိုးကောင်း၊ မျိုးသန့် မျိုးစေ့များနှင့် သွင်းအားစုများ ဝယ်ယူနိုင်သည့် ပြခန်းဆိုင်ခန်းများနှင့် အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်နေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။


၄င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏ ဝရဒါဌာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)သို့ ရောက်ရှိပြီး ဂန္ဓကုဋိတိုက်တော်အတွင်း ကိုးကွယ်ပူဇော်ထားသည့် စွယ်တော်မြတ်စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဖူးမြော်ကြည်ညို၍ ဂန္ဓကုဋိတိုက်တော်အတွင်းနှင့် စေတီတော်ရင်ပြင်တော်တို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

၄င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားဦးခရိုင်၊ အင်းဝမြို့ဟောင်းရှိ လောကသရဖူစေတီတော်ကြီးသို့ရောက်ရှိပြီး အုတ်ပြာသာဒ်တော်အတွင်း၌ ၄၉၀ ဒသမ ၃၆ တန်ရှိ တစ်တုံးတည်းသော စကျင်ကျောက်သားကြီးကို မြေအောက်တစ်ဝက် မြေပေါ်တစ်ဝက် စိုက်ထူထုဆစ်ပူဇော်ထားသည့် ဉာဏ်တော်အမြင့် ၁၈ တောင်နှင့် ၁ မိုက်၊ တင်ပျဉ်ခွေတော် အကျယ် ၁၂ တောင် ၁မိုက်ရှိ လောကသရဖူရုပ်ပွားတော်ကြီးအား ဖူးမြော်ကြည်ညို၍ ဘုရားကြီး အတွင်း၊ အပြင်အား လိုက်လံကြည့်ရှုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားဦး-အင်းဝ လမ်းပိုင်းရှိ မဟာဇေယျပထတံတား (ခ) မောင်အိုတံတားနှင့် အုတ်လမ်းအား ရှေးမူမပျက်ရေရှည်ပြုပြင်ထိန်းသိမ်းရေးအတွက် လေ့လာဆန်းစစ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ တတိယမြို့ရိုးရှိ စန္ဒာပူရီရေထိန်းတံခါးနှင့် တတိယမြို့ရိုး ဇေယျဝတီမြစ်ကမ်းဘေးရှိ ဆင်းကျုံးခံတပ်တို့အား သွားရောက်ကြည့်ရှုခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများအား နိုင်ငံတော်အကြီးအကဲ မန္တလေးမြို့နှင့် တံတားမြို့ အင်းဝရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေများသို့ လာရောက်သည့်ခရီးစဉ်၌ လမ်းညွှန်မှာကြားချက်များ အပေါ် ဆောင်ရွက်ရမည့်လုပ်ငန်းများကို မြန်ဆန် ပြည့်စုံပြီးမြောက် အောင်မြင်ရေး အလေးထားကာ စနစ်တကျကြပ်မတ် ဆောင်ရွက်သွားရေး၊ လုပ်ငန်းများ ကြန့်ကြာမှုမရှိစေရေးနှင့် အမြန်ဆုံးပြီးစီးရေး၊ အချက်အလက် မှန်ကန်တိကျစွာဖြင့် စနစ်တကျပြုစု၍ အချိန်နှင့်တစ်ပြေးညီတင်ပြသွားရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)











သတင်း-စာမျက်နှာ ၅













## ပြည်တွင်း၌ စားသုံးဆီထုတ်လုပ်သည့် ဆီစက်ပေါင်း ၅၀၀၀ ဝန်းကျင်ရှိပြီဖြစ်၍ ပြည်တွင်းလိုအပ်ချက် ဖြည့်ဆည်းနိုင်ပြီဟု ဆို

ပြည်တွင်း၌ ဆီထွက်သီးနှံများကို ကြိတ်ခွဲ၍ စားသုံးဆီထုတ်လုပ်သည့် ဆီစက်ပေါင်း ၅၀၀၀ ဝန်းကျင်ရှိလာပြီဖြစ်၍ ပြည်တွင်း စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သဖြင့် ပြည်ပမှ တင်သွင်းမှုကို အစားထိုးနိုင်ပြီဟု မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းမှ သိရသည်။

မြေပဲ၊ နှမ်း၊ နေကြာနှင့် အခြားဆီထွက်သီးနှံများကို ကြိတ်ခွဲ၍ စားသုံးဆီထုတ်လုပ်



သည့် စက်ရုံများတိုးတက်များပြားလာသည်နှင့် အမျှ ပြည်ပမှ တင်သွင်းရန် မလိုအပ်တော့သည့် အနေအထားသို့ ရောက်ရှိလာပြီဟု ဆို သည်။

"လက်ရှိမှာ ဆီစက် ၅၀၀၀ ဝန်းကျင်လောက်ရှိလာပြီး ၈၅ ရာခိုင်နှုန်းက ကြိတ်ခွဲလည်ပတ်နေပြီ ဖြစ်သလို ဈေးရောင်းပွဲတော်တွေ ကျင်းပပြီး ရောင်းချပေးခဲ့ပါတယ်။ ပြည်တွင်းက လိုအပ်တဲ့ စားသုံးဆီ ပမာဏကို ပြည်ပက မတင်သွင်းတော့ဘဲ ပြည်တွင်းမှာ စားသုံးဆီလိုအပ်ချက် ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ပါပြီ"ဟု ဆီစက်ပိုင်ရှင် တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းက ဦးဆောင်၍ ပြည်တွင်း၌ စားသုံးဆီဖူလုံမှုကို ပြသသောအားဖြင့် ဆီစက်များမှ ထုတ်လုပ်သည့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများရောင်းချသည့် ဈေးရောင်းပွဲများကို ဇန်နဝါရီလက ပြုလုပ်ခဲ့ကြောင်း၊ ရောင်းချရာတွင် စိတ်ကြိုက်ဝယ်ယူနိုင်ရန် ဆယ်ပိဿာ၊ ငါးပိဿာ၊ တစ်ပိဿာနှင့် ငါးဆယ်သား ပလတ်စတစ်ဘူးများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-ဇ)

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

## မှန်ကင်းပရိယတ္တိ စာသင်ကျောင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေး

**မင်းဘူး မတ် ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ မှန်ကင်းပရိယတ္တိ စာသင်ကျောင်းဝင်းအတွင်းရှိ စိန်ခြည်လင်းဓမ္မာရုံ၌ ရဟန်းသာမဏေများအား ယမန်နေ့ မွန်းလွဲ ၁ နာရီက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်း ကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မင်းဘူးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ စာသင်သားရဟန်းသာမဏေများနှင့် စာချဆရာတော်အပါး ၈၀ အား မင်းဘူးမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများပူးပေါင်း၍ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၄)

ဝ-ဝ-ဝ-ဝ

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## Blue Cave ကား လှပစွာပုံဖော်ရိုက်ကူးပြသထား

၂၀၂၄ ခုနှစ်တွင် ထွက်ရှိထားသည့် Blue Cave (Mavi Magara) စပိန် ဇာတ်ကားကို ရေအောက်ကမ္ဘာနှင့် လှပစွာ ပုံဖော်ရိုက်ကူးထားပြီး အချစ်ဇာတ်လမ်း ဖြည့်စွက်ထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါဇာတ်ကားတွင် ရေတပ်အရာရှိတစ်ဦး၏ဇနီးသည်က ကင်ဆာရောဂါနှင့် သေဆုံးသွားပြီးနောက် ဇနီးကို ကတိပေးထားသည့်အတိုင်း Blue Cave ဆီ ခရီးထွက်ခဲ့ရာမှ ခရီးစဉ်တစ်လျှောက် သူတို့နှစ်ဦးချစ်သက်တမ်း တစ်လျှောက် ကြုံတွေ့ခဲ့ရသည့် ချိုမြိန်ခါးသက်မှုရသပေါင်းစုံကို လှပသောမြင်ကွင်းများနှင့် ပုံဖော်ရိုက်ကူးထားသည်။

ခရီးဆုံးကို ရောက်ရှိချိန်တွင် ကံကြမ္မာလှည့်ကွက်အောက် မထင်မှတ်ထားသည့် ကြုံတွေ့မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပုံကို ပုံဖော်ရိုက်ကူးတင်ပြထားရာ စပိန်ပရိသတ်အားပေးမှုရရှိခဲ့ပြီး အိုင်အမ်ဒီဘီ ၅ ဒသမ ၄ ရရှိထားသည့် ဇာတ်ကားဖြစ်သည်။ **SKY**



## ဇရာကို တားဆီးနိုင်ရန်ဗီဇပြုပြင်ထားသော ကြွက်များကို သိပ္ပံပညာရှင်များဖန်တီး

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ဇရာကို တားဆီးနိုင်ရန် သုတေသနလုပ်ငန်းများကို အရှိန်မြှင့်တင်နိုင်မည့် ဗီဇပြုပြင်ထားသော ကြွက်များကို မကြာသေးမီကဖန်တီးခဲ့ကြောင်း နေ့ချူးသိပ္ပံဂျာနယ်တွင် ဖော်ပြသည်။

ဆဲလ်အဆင့်တွင် အသက်ကြီးရင့်မှုသည် တဖြည်းဖြည်း ဖြစ်ပေါ်လာပြီး ခရိုမိုဆုမ်းများ၏ အစွန်းရှိ အကာအကွယ်အဖုံးများဖြစ်သော တီလိုမီးယားများ တိုလာခြင်းကြောင့် ဇရာ၏သရုပ်ပေါ်လွင်လာခြင်းဖြစ်သည်။

တီလိုမီးယားများ တိုလာသည်နှင့်အမျှ ဆဲလ်များသည် ကျန်းမာသန်စွမ်းစွာ ကြီးထွားရန်အတွက် ပိုင်းခြားနိုင်စွမ်း ဆုံးရှုံးလာပြီး အချို့ဆဲလ်များသည် အဆုံးတွင် သေဆုံးသွားကြသည်။ ပါမောက္ခ ကျိုယွေကျူ ဦးဆောင်သော အဆိုပါအမေရိကန်သုတေသနအဖွဲ့က ဇရာကိုတားဆီးရန် တီလိုမီးယားရှည်သော ကြွက်များကို ဗီဇပြုပြင်ကာဖန်တီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **SCI**

## Will Smith ၏ The Pursuit of Happiness မှာ စိတ်ဓာတ်မြှင့်တင်ပေးသော ရုပ်ရှင်ဖြစ်

ကမ္ဘာကျော်အနုပညာရှင် ဝီလ်စမစ်နှင့် သားဖြစ်သူ ဂျေဒန်စမစ်တို့ ပါဝင်ထားသည့် The Pursuit of Happiness ရုပ်ရှင်မှာ စိတ်ဓာတ်ကျတိုင်း ကြည့်ရှုသင့်ပြီး 'ပျော်ရွှင်မှုဆိုသည်မှာ ကြိုးစားသူတိုင်းအတွက် အလှမ်းမဝေး'ဟူသော စိတ်ဓာတ်မြှင့်တင်ပေးသော ရုပ်ရှင်ဖြစ်ပြီး ဆုပေါင်းများစွာ ဆွတ်ခူးထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် သားလေးတစ်ဦး လက်ဆွဲ၍ ဘဝအခက်အခဲဆုံးအချိန်များကို ဖြတ်သန်းခဲ့သည့် ဖခင်တစ်ဦး၊ ကလေးအိပ်စက်ရန် ကျောတစ်ခင်းစာ မဖန်တီးနိုင်သော်လည်း ရင်သွေးကို လက်မလွှတ်ဘဲ ငွေကိုသည်းကြီးမည်းကြီးရှာ၍ ဖခင်မေတ္တာကို ပြသထားသည်။



သာမန်အရောင်းသမားဘဝမှ သန်းကြွယ်သူဌေးဖြစ်လာသည်ထိ ခက်ခဲစွာ ရုန်းကန်လှုပ်ရှားခဲ့သည့် လူတစ်ဦး၏ ဖြစ်ရပ်မှန်ကို အခြေခံရိုက်ကူး၍ ဒါရိုက်တာ ဂါဘရီလီမူဆီနိုက လက်စွမ်းပြထားသည်။

ဖခင်တစ်ဦး၏ မေတ္တာနှင့်အတူ ပျော်ရွှင်မှုဟူသည် ကြိုးစားသူတိုင်းအတွက် အလှမ်းမဝေးဟူသော စိတ်ဓာတ်မြှင့်တင်မှုကို ပေးစွမ်းနိုင်ခဲ့သည်။ **SKY**



## Kyung Soo & Kwang Soo's Restaurant တွင် ကေပေါ့ပ်အနုပညာရှင်များ ပါဝင်

အိပ်ဇိုအဖွဲ့ဝင် ဒီအိုု(ခေါ်)ကန်ဆူနှင့် Running Man အဖွဲ့ဝင်ဟောင်း လီကွမ်ဆူတို့၏ ရသစုံရှိုးကို Kyung Soo & Kwangsoo's Restaurant ဟု အမည်ပေးထားပြီး ကေပေါ့ပ်အနုပညာရှင်များစွာ ပါဝင်အားဖြည့်ထားသည်။

အနုပညာအတူလုပ်ကိုင်ရင်း ခင်မင်မှုရှိခဲ့ကြသည့် သူငယ်ချင်းကေပေါ့ပ်အနုပညာရှင်များဖြစ်ကြသော ဒီအိုု(ခေါ်)ကန်ဆူ၊ လီကွမ်ဆူတို့နှင့်အတူ နာဗီဒီ၊ ဆဲဗင်းတင်းမှ ဝူဇီ၊ ဝမ်ဝူတို့အပြင် ကေပေါ့ပ်အနုပညာရှင်များစွာ ပါဝင်အားဖြည့်ထားကြသည်။

အဆိုပါ ရသစုံရှိုးတွင် လီဆောင်ကီးက ဧည့်သည်သရုပ်ဆောင်အဖြစ် ပါဝင်မည်ဖြစ်ပြီး ကင်ဝူဘင်းကလည်း သူငယ်ချင်းများအတွက် ပါဝင်အားဖြည့်ပေးထားသည်။ **SKY**


## Jisoo က Newtopia တွင် သရုပ်ဆောင်စွမ်းရည်ပြသထား

ဘလက်ပင့်ခ်အဖွဲ့ဝင် ဂျီဆိုသည် သည်းထိတ်ရင်ဖိုဇာတ်ကား Newtopia တွင် ပါဝင်၍ သရုပ်ဆောင်စွမ်းရည်ပြသထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဆိုသည် Snowdrop နောက်ပိုင်း အချိန်တစ်ခုကြာမှ Newtopia တွင် ပြန်လည်ပါဝင်ခဲ့ပြီး ယင်းဇာတ်ကားကို အော်စကာဆုရရုပ်ရှင်၏ စာရေးဆရာ ဟန်ဂျင်ဝမ်းက ဇာတ်ညွှန်းရေးသားထားသည်။

ဂျီဆိုက မင်းသားပတ်ဂျောင်မင်နှင့် တွဲဖက်ပါဝင်ထားပြီး ၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် ထွက်ရှိလာ၍ ပရိမိုးရှင်းများ စတင်လုပ်ကိုင်၍ ပြသတော့မည်ဖြစ်သည်။

ဂျီဆိုသည် တစ်ကိုယ်တော်ဂီတအယ်လ်ဘမ်အတွက် ပြင်ဆင်နေသကဲ့သို့ ဘလက်ပင့်ခ်အဖွဲ့လိုက် ဂီတပွဲအတွက်လည်း အချိန်ပေး၍ လုပ်ကိုင်နေရာ မကြာမီ အယ်လ်ဘမ်သစ်နှင့်အတူ ဘလက်ပင့်ခ်အဖွဲ့လိုက် ဖျော်ဖြေမှုများကိုပါ မြင်တွေ့ကြရမည်ဖြစ်သည်။ **SKY**



## Raayan တမီးလ်ဇာတ်ကား ရုံတင်ငွေများစွာရရှိထား



အိန္ဒိယတောင်ပိုင်း တမီးလ်ဇာတ်ကား Raayan တွင် မင်းသားဒါနူရှ် ပါဝင်ထားပြီး ကိုယ်တိုင်ဇာတ်ညွှန်းရေး၊ ဒါရိုက်တာလုပ်၍ လက်စွမ်းပြထားရာ ရုံတင်ငွေ ၁၅၈ ကုဋေရရှိထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် မိဘများ စွန့်ပစ်ခဲ့၍ ညီနှစ်ဦးနှင့် ညီမကိုလက်ဆွဲ၍ မြို့တက်လာကာ ရရာအလုပ်လုပ်ကိုင်ပြီး မုန့်ဆိုင်တစ်ဆိုင်ဖွင့်နိုင်ခဲ့သည်။

ညီလတ်ဖြစ်သူမှာ ပြဿနာရှာတတ်ပြီး ညီမငယ်မှာ ကောလိပ်တက်နေရာမှ ညီမငယ်ကို အိမ်ထောင်ချပေးရန်အတွက် ပြင်ဆင်ရင်း ညီလတ်ကို စရိုက်ပြုပြင်ရန် ကြိုးစားခဲ့ရာမှ ဒုစရိုက်ဂိုဏ်းခေါင်းဆောင်နှင့်ပတ်သက်ခဲ့ရပြီး အစ်ကိုကြီးအဖရာနေရာမှ ကယ်ထုတ်နိုင်ရန် ကြိုးစားခဲ့ပုံများကို အက်ရှင်နှင့်တွဲဖက်၍ တင်ဆက်ရိုက်ကူးထားရာ ပရိသတ်အားပေးမှုနှင့် ရုံတင်ဝင်ငွေများ ရရှိထားသည်။ **SKY**

## ဒေါ်လာတစ်သန်းဆုချီးမြှင့်မည်ဟု ကမ်းလှမ်းထားသော်လည်း အိန္ဒုအရုပ်စာများ၏ လျှို့ဝှက်ချက်ကို မဖော်ထုတ်နိုင်သေး

**ဒေလီ မတ် ၁**

အိန္ဒိယနိုင်ငံ တမီးလ်နာဒူ ပြည်နယ်ဝန်ကြီးချုပ်က ဆုကြေးငွေအမေရိကန်ဒေါ်လာ တစ်သန်း ဆုချီးမြှင့်မည်ဟု ကမ်းလှမ်းထားသော်လည်း ယခုထက်တိုင် ပါကစ္စတန်နှင့် မြောက်အိန္ဒိယဒေသများဖြစ်သော အိန္ဒုချိုင့်ဝှမ်းယဉ်ကျေးမှု၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်သူ ပေါ်ပေါက်မလာသေးကြောင်း စီအင်န်အင်န်သတင်းဌာနကဖော်ပြသည်။



တောင်အာရှ၏ သမိုင်းမတင်မီကာလအကြောင်း အမှန်တကယ်အရေးကြီးသော မေးခွန်းတစ်ခုကို မိမိတို့အနေဖြင့် အပြည့်အဝဖော်ထုတ်နိုင်ပါက ဖြေရှင်းနိုင်ဖွယ်ရှိသည်ဟု အိန္ဒုအရုပ်စာများအကြောင်း ၁၀နှစ်ကျော်လေ့လာခဲ့သူဖြစ်သည့် ဝါရှင်တန်တက္ကသိုလ်မှ ကွန်ပျူတာသိပ္ပံပါမောက္ခ ရာဂျက်ရှ်ရာအိုက ထုတ်ဖော်ပြောကြားသည်။

အကယ်၍ ထိုအရုပ်စာများ၏လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ပါက ရှေးဟောင်းအီဂျစ်နှင့် မက်ဆိုပိုတေးမီးယားယဉ်ကျေးမှုများနှင့် ပြိုင်ဘက်ဖြစ်သည်ဟု ယုံကြည်ရသော ကြေးခေတ်ယဉ်ကျေးမှုကို နှိုင်းယှဉ်ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအရုပ်စာများ၏ ပထမနမူနာကို ၁၈၇၅ခုနှစ်တွင် ရှေးဟောင်းသုတေသီများစတင် ခြေရာခံမိခဲ့သော်လည်း ယနေ့အထိ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ခြင်းမရှိသေးပေ။

ပါကစ္စတန်နိုင်ငံ ဆင်းဒ်ပြည်နယ်တွင် တည်ရှိသော မိုဟန်ဂျိုဒါးရိုမြို့တော် ကဲ့သို့သော မြို့ကြီးများကို ရှေးဟောင်းသုတေသီများ တူးဖော်လေ့လာခဲ့ရာမှ ပဟေဠိဆန်သော အရုပ်စာများကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ဖေဖော်ဝါရီ ၂၈ရက်တွင် ဝါရှင်တန်မြို့တော်ရှိ အိမ်ဖြူတော်၌ ယူကရိန်းသမ္မတ ဇီလင်စကီးကို လက်ခံတွေ့ဆုံစဉ်။ **Mon**

## ဟနွိုင်းမြို့တော်၏ လေထုညစ်ညမ်းမှုပြဿနာ စိုးရိမ်ဖွယ်ရာအဆင့်သို့ မြင့်တက်လာလျက်ရှိ

**ဟနွိုင်း မတ် ၁**

ဟနွိုင်းမြို့ရှိ လီသီဟွမ်းလယ်ယာမြေပေါ်တွင် ပလတ်စတစ်အိတ်များနှင့် အရွက်များကို မီးရှို့ခြင်းမှ ထွက်လာသော အဆိပ်ငွေ့များသည် မီးခိုးတိမ်တိုက်အဖြစ် လွင့်တက်နေကြောင်း စီအင်န်အေသတင်းဌာနကဖော်ပြသည်။

ဗီယက်နမ်အစိုးရဘက်က အလျင်အမြန် ဖြေရှင်းရန် အရေးတယူဆောင်ရွက်ခြင်းမရှိသေးသဖြင့် ယင်းလေထုညစ်ညမ်းမှုပြဿနာ စိုးရိမ်ဖွယ်အဆင့်သို့ မြင့်တက်လာလျက်ရှိသည်။

လွန်ခဲ့သော သုံးလအတွင်း ဟနွိုင်းသည် ကမ္ဘာ့လေထုအညစ်ညမ်းဆုံး မြို့ကြီးများစာရင်းတွင် ထိပ်ဆုံးမှပါဝင်နေပြီး လူဦးရေ ကိုးသန်းကျော်ရှိသော မြို့သူမြို့သားများအဖို့ အသက်ရှူရန် အတွက်သာမက မီးခိုးမြူထုကို ထွင်းဖောက်မြင်ရန်ပင် အခက်ကြုံနေကြသည်။

ယင်းအကျပ်အတည်းများကို ဖြေရှင်းရန် ရည်မှန်းချက်ကြီးမားသော စီမံချက်များစွာရှိသော်လည်း အနည်းငယ်သာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး သက်ဆိုင်ရာက အကဲဖြတ်စောင့်ကြည့်မှုနည်းပါးနေကြောင်း သိရသည်။ **Mon**



## ထိုင်းနိုင်ငံတွင် ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် တစ်တော့လူမှုကွန်ရက်က စီစဉ်ထားသည်ဟု ဆို

**ဘန်ကောက် မတ် ၁**

တစ်တော့လူမှုကွန်ရက်က လာမည့်ငါးနှစ်အတွင်း ထိုင်းနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံ ရင်းနှီးမြှုပ်နှံရန်စီစဉ်ထားပြီး ဒီဂျစ်တယ်အခြေခံအဆောက်အအုံ၊ လုပ်သားအင်အား ဖွံ့ဖြိုးရေးနှင့် အွန်လိုင်းလုံခြုံရေး လုပ်ငန်းများကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အေအင်န်အိုင်သတင်းဌာနကဖော်ပြသည်။

တရုတ်အခြေစိုက်ဘိုက်ဒန့်စ်ကုမ္ပဏီပိုင်ဆိုင်သော လူမှုမီဒီယာပလက်ဖောင်းသည် အမေဇုံ၊ ဂူဂဲလ်နှင့် မိုက်ခရိုဆော့ဖ်တို့ပြီးနောက် ထိုင်းနိုင်ငံတွင် အကြီးစား ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်မည်ဟု ကြေညာခဲ့ခြင်းဖြစ်သည်။

တစ်တော့၏ လူမှုရေးမူဝါဒ ဒုတိယဥက္ကဋ္ဌ ဟေလေနာလာ့ချ်နှင့် ထိုင်းဝန်ကြီးချုပ် ဘန်ကောက်မြို့တော်တွင် လွန်ခဲ့သော သီတင်းပတ်ကုန်ပိုင်းက တွေ့ဆုံကာ လုပ်ငန်းချဲ့ထွင်မှုနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **Mon**



## လျှပ်စစ်မော်တော်ဆိုင်ကယ်ဈေးကွက်တွင် ဦးဆောင်သော အင်န်အိုင်ယူကုမ္ပဏီ အသေးစားလျှပ်စစ်ကားတစ်မျိုးကို မကြာသေးမီက မိတ်ဆက်ပြသ

**ပေကျင်း မတ် ၁**

အင်န်အိုင်ယူသည် ကမ္ဘာ့လျှပ်စစ် မော်တော်ဆိုင်ကယ်ဈေးကွက်တွင် ဦးဆောင်သော ကုမ္ပဏီအဖြစ် အထင်ကရ လူသိများပြီး လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း လုပ်ငန်းများ ချဲ့ထွင်လာခဲ့ရာမှ ယခုအခါ အသေးစားလျှပ်စစ်ကားတစ်မျိုးကို မကြာသေးမီက မိတ်ဆက်ပြသခဲ့ကြောင်း စီအင်န်အေသတင်းဌာနကဖော်ပြသည်။

နမူနာ အဆင့်တွင်ရှိနေဆဲဖြစ်သော လူနှစ်ဦးစီးနိုင်သည့် အဆိုပါ အသေးစားလျှပ်စစ်ကားကို ဥရောပတွင် ပေါ့ပါးသော လေးဘီးဆိုင်ကယ်များအဖြစ် ပြုလုပ်ထားသည်။

ယခင်က စီထရိုအင် အေမီကဲ့သို့သော အခြားလူကြိုက်များသည့် အသေးစားကားတစ်မျိုးသည် အစင်းရေ ၃၀၀၀၀ကျော် ရောင်းချခြင်းဖြင့် အောင်မြင်မှုရရှိခဲ့ဖူးသည်။

အင်န်အိုင်ယူ အသေးစားလျှပ်စစ်ကားသစ်ကို တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၈၃၀၀ခန့် ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချရန် ရည်ရွယ်ထားကြောင်း သိရသည်။ **Mon**

## နည်းပျူဟာမြောက် ခရုဇ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်မှုကို မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်း ကြီးကြပ်ခဲ့




**ပြုံယမ်း မတ် ၁**

မြောက်ကိုရီးယားနိုင်ငံသည် မိမိတို့၏ တိုက်ခိုက်နိုင်စွမ်းရှိပုံကို ရန်သူများသိစေရန်အတွက် နည်းဗျူဟာမြောက် ခရုဇ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်မှုကို ယမန်နေ့က ပြုလုပ်ခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပင်လယ်ပြင်တွင် ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများကို မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်းကိုယ်တိုင် ကြီးကြပ်ခဲ့သည်။

အဆိုပါဒုံးကျည်များကို ၁၅၈၇ ကီလိုမီတာ၊ (၉၈၆မိုင်) ရှည်လျားသော လမ်းကြောင်းတစ်လျှောက် မိနစ် ၁၃၀ ကြာ ပျံသန်းပြီးနောက် ပစ်မှတ်များကို တိကျစွာ ထိမှန်ခဲ့ကြောင်း သိရသည်။ **Mon**

## နှစ်ပေါင်း ၃၀ကျော်အတွင်း အကြီးမားဆုံး တောမီးလောင်မှု ဂျပန်၌ ဖြစ်ပွား၊ လူတစ်ဦးသေဆုံး၊ လူပေါင်းတစ်ထောင်ကျော်ရွှေ့ပြောင်း

**တိုကျို မတ် ၁**

ဂျပန်နိုင်ငံတွင် မတ်၁ရက်က လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်အတွင်း အကြီးမားဆုံး တောမီးလောင်မှုကို ရင်ဆိုင်နေရပြီး ထိုတောမီးလောင်မှုကြောင့် လူတစ်ဦးသေဆုံးကာ လူပေါင်း တစ်ထောင်ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း စီအင်န်အေသတင်းဌာနကဖော်ပြသည်။



မီးဘေးနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီ၏ အဆိုအရ ထိုတောမီးလောင်မှုသည် လွန်ခဲ့သော သီတင်းပတ်မှစတင်ကာ အိဝတဲဒေသမြောက်ပိုင်းရှိ အိုဖူနာတိုမြို့၏ သစ်တောများအထိ ပျံ့နှံ့ရောက်ရှိကာ ဟက်တာပေါင်း ၁၂၀၀ခန့်မီးသင့်ပျက်စီးသွားသည်ဟု ခန့်မှန်းရသည်။

မိမိတို့အနေဖြင့် ထိခိုက်ပျက်စီးသောဧရိယာ၏ အရွယ်အစားကို စစ်ဆေးနေဆဲဖြစ်သော်လည်း ယင်းမီးလောင်မှုသည် ၁၉၉၂ခုနှစ်က ဟိုကိုင်ဒိုးဒေသရှိ ကူရှိရိုမြို့တွင် ဖြစ်ပွားခဲ့သော မီးလောင်မှုနောက်ပိုင်းတွင် အကြီးမားဆုံးဖြစ်သည်ဟု ထိုအေဂျင်စီ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တောမီးများကို ထိန်းချုပ်ရန် ဂျပန်တစ်နိုင်ငံလုံးမှ မီးသတ်သမား ၁၇၀၀ခန့်ကို စုစည်းထားကြောင်းသိရသည်။ **Mon**



## (၇၉)နှစ်မြောက်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ကျင်းပရေး ညှိနှိုင်းဆွေးနွေး

**မန္တလေး မတ် ၁**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အခမ်းအနားစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ရက် နံနက် ၉ နာရီခွဲက ချမ်းအေးသာစံမြို့နယ်၊ ၈၀လမ်းနှင့် ၂၉ လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်စခန်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ အခမ်းအနား အောင်မြင်စွာ ကျင်းပရေးဆိုင်ရာများကိုလည်းကောင်း၊ ဒုတိယ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဌေးဝင်းက မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုသွေးလှူဒါန်းမှုနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးကိုလည်းကောင်း၊ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုက မီးသတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပရေးကိုလည်းကောင်း တက်ရောက်လာသော မြို့နယ်မီးသတ်ဦးစီးမှူးများနှင့် ဒေသအရန်မီးသတ် တပ်ခွဲမှူးများက မီးသတ်တပ်ဖွဲ့နေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၄၅)**

## ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက် ပူးပေါင်းအဖွဲ့စုံဖြင့် ရှောင်တခင်စစ်ဆေး

**နမ့်စန် မတ် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး၊ တရားမဝင် ကုန်စည်များ သယ်ယူပို့ဆောင်ခြင်း မရှိစေရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က ယမန်နေ့ မွန်းလွဲ ၂ နာရီက အမှတ်(၂)ရပ်ကွက် မြို့နယ်ခန်းမရှေ့ ပြည်ထောင်စုလမ်းမကြီးပေါ်နှင့် နမ့်စန်-မိုးနဲ မြို့အဝင် စစ်ဆေးရေးဂိတ်တို့တွင် ရှောင်တခင်စစ်ဆေး ဆောင်ရွက်ခဲ့သည်။ **(အပေါ်ယာပုံ)**



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်း ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အမှတ်(၁၁၉)ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးတို့မှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က ပြည်ထောင်စုလမ်းမကြီးပေါ်တွင် သွားလာနေကြသော မော်တော်ယာဉ်မျိုးစုံကို ရပ်တန့်စစ်ဆေး၍ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ ယာဉ်မောင်းနှင်စီးနင်းသူများကို အသိပညာပေးပြောကြားခြင်း၊ အသက်ကယ်ခါးပတ် မပတ်ဘဲ ယာဉ်မောင်းနှင်သူများကို ခါးပတ် ပတ်ပြီး မောင်းနှင်စေခြင်း၊ တရားမဝင် ကုန်စည်များ သယ်ဆောင်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်၍ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဆောင်ရွက်မှုကို အပတ်စဉ် နေရာအလိုက် ပြုလုပ်သွားမည်ဖြစ်ပြီး ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ မောင်းနှင်သူများနှင့် အသက်ကယ်ထိုင်ခုံခါးပတ်မပတ်ဘဲ ယာဉ်မောင်းနှင်သူများကို သက်ဆိုင်ရာပူးပေါင်းအဖွဲ့စုံဖြင့် ရှောင်တခင်စစ်ဆေး အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။**မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မူးယစ်ဟူက တိုက်ဖျက်ကြ။

## ကျောက်ပန်းတောင်းမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄ နာရီခွဲက ကျောက်ပန်းတောင်းမြို့၊အောင်မင်္ဂလာရပ်ကွက်ရှိ ကားဂိတ်တွင် ပါဆယ်ပစ္စည်း လာရောက်ထုတ်ယူသူ မျိုးမင်းဦးဆိုသူအား စစ်ဆေးရှာဖွေရာ ၄င်းထုတ်ယူသည့် ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၇၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၄ နာရီ ၄၅ မိနစ်က အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ အေးလွင် ဆိုသူအား ကျောက်ပန်းတောင်းမြို့၊သာယာအေးရပ်ကွက်တွင် မော်တော်ဆိုင်ကယ် တစ်စီး၊ ငွေကျပ် ၆၅၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ထပ်မံ ဖမ်းဆီးရမိခဲ့သဖြင့် မျိုးမင်းဦး(၄၂)နှစ်နှင့် အေးလွင်(၄၁)နှစ် ဆိုသူတို့အား ကျောက်ပန်းတောင်း မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## တောင်ကြီးမြို့တွင် စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀နာရီ မိနစ် ၄၀ က တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်တွင် မုန်းမုန်း(ခ)ဇော်ဦးဆိုသူ မောင်းနှင်လာသည့် TOYOTA WISH အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၂ ဒသမ ၄ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မုန်းမုန်း(ခ)ဇော်ဦး(၃၁)နှစ်ဆိုသူအား တောင်ကြီးမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*

## ဂျပ်ဖာပုံးများအနီး ခြင်ဆေးခွေထွန်းရာမှ မီးလောင်မှုဖြစ်ပွား

**မန္တလေး မတ် ၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၆၂လမ်းနှင့် ၁၁၈လမ်းထောင့်ရှိ Electric ဆိုင်တွင် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၄ နာရီခွဲက ဂျပ်ဖာပုံးများအနီး ခြင်ဆေးခွေထွန်းရာမှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးသည် မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် (၁၅ × ၅၀)ပေ၊ RC(၂)ထပ်အဆောက်အအုံ၏ အောက်ထပ်(၁၅×၃၀)ပေ အခန်းအတွင်းရှိ လျှပ်စစ်ပစ္စည်းများနှင့် တံခါးများ မီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာ သုံးစွဲသူအား ပြည်ကြီးတံခွန်မြို့မရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၅၇)**

*-*-*-*-*



# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၈ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် မတ် ၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ် မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်း လိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၀၈ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၃၃၃၃ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၅၇၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

သတင်းစဉ်



ထိန်းသိမ်းထားသည့်ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။






ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

# ဆီဆိုင်မြို့နယ်အတွင်း ဘိန်းခင်း ၂၂ ဧကခန့် ဖျက်ဆီး

တောင်ကြီး မတ် ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဘန်ဗွီးကျေးရွာ အုပ်စု လွယ်မန်းကျေးရွာ အရှေ့မြောက်ဘက် နှစ်ဖာလုံခန့်အကွာတွင် စိုက်ပျိုးထားသော ဘိန်းခင်း ၂၂ ဧကခန့်အား မတ် ၁ ရက်မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နယ်မြေခံတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့ ဖွဲ့စည်းကာ ဖျက်ဆီးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘိန်းခင်းများ ဖျက်ဆီးရာသို့ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းမင်းသိန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ညီညီတင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယရဲမှူးကြီး သန်းဌေးအောင်၊ မူးယစ်တပ်စု(တောင်ကြီး)မှ ရဲမှူးမြင့်သွင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး ဌေးအောင်တို့က အနီးကပ်ကြီးကြပ်၍ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းဇော်ဦး ဦးစီးသော ပူးပေါင်းအဖွဲ့သည် မတ် ၁ ရက်မှစတင်၍ ဆီဆိုင်မြို့နယ်အတွင်းရှိ တောင်ကုန်း/တောင်စောင်းများတွင် စိုက်ပျိုးထားသော သီးပွင့်ဆဲဘိန်းခင်း ၂၂ ဧကခန့်ကို ဖျက်ဆီးလျက်ရှိကြောင်းနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တို့က ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့စုံအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တောင်ကြီး(ပြန်/ဆက်)



| အင်္ဂလိပ် အက်ဖ်အေဖလား(ပဉ္စမအဆင့်)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ပရက်စတန် | ၃ | - | ၀ | ဘန်လေ |
| ပဲလေ့စ် | ၃ | - | ၁ | မီဝေါလ် |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၇)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| အတ္တလန်တာ | ၀ | - | ၀ | ဗင်းနစ်ဇီးယား |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၄)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| လိုက်ပဇစ် | ၁ | - | ၂ | မိန့်ဇ် |
| ဟိုင်ဒင်ဟိမ်း | ၀ | - | ၃ | ဂလာဘတ် |
| ဝါဒါဘရီမင် | ၁ | - | ၂ | ဝုဖ်ဘတ် |
| ဘိုချန် | ၀ | - | ၁ | ဟော့ဖန်ဟိမ်း |
| စိန့်ပေါ်လီ | ၀ | - | ၂ | ဒေါ့မွန် |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၆)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ဂျီရိုနာ | ၂ | - | ၂ | ဆဲလ်တာဗီဂို |

| အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၅)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ဘလက်ဘန်း | ၁ | - | ၁ | နော့ဝှစ်ချ် |
| လိဒ်စ် | ၁ | - | ၁ | ဝက်စ်ဘရွန်း |
| အောက်စ်ဖို့ဒ် | ၂ | - | ၃ | ကိုဗင်ထရီ |

# အမျိုးသမီးများအား တရုတ်မယားအဖြစ်ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် မတ် ၁

အမျိုးသမီးများအား တရုတ်မယားအဖြစ်ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် စံပြရွာနေ ခင်မျိုးကြည်(ခ)မြတ်နိုးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မြင်းချင်းရွာနေ သက်ထားဆွေ(ခ)သက်ထားတို့က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မြင်းချင်းရွာနေ မ----၊ ၂၂/၂၄ နှစ်နှင့် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် (၁၀) ရပ်ကွက်နေ မ----၊ ၃၀/၂၄ နှစ်တို့အား တရုတ်နိုင်ငံ၌ တရုတ်ယောကျ်ားယူပါက ငွေကျပ်သိန်း ၁၀၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ် ဆောင်ရွက်ခဲ့ကြသဖြင့် ပုသိမ်ကြီးမြို့နယ် အုန်းချော နယ်မြေရဲစခန်း(ပ) ၇၅/၂၀၂၄၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့်လည်းကောင်း၊ အုန်းချောနယ်မြေ ရဲစခန်း(ပ)၇၆/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့်လည်းကောင်း အမှုဖွင့်လှစ် တရားစွဲတင်ပို့ခဲ့သည်။

အဆိုပါအမှုအား အောင်မြေသာစံခရိုင် တရားရုံးမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် တရားခံ ခင်မျိုးကြည်(ခ) မြတ်နိုးနှင့် သက်ထားဆွေ(ခ) သက်ထားတို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ တစ်မှုလျှင် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီဖြင့် နှစ် ၂၀ စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# စစ်ကိုင်းမြို့နယ်တွင် စိုက်ပျိုးထားသော ဂျုံကေ(၃) သောင်းကျော် အောင်မြင်ဖြစ်ထွန်း

**စစ်ကိုင်း မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်တွင် စိုက်ပျိုးထားသော ဂျုံဧက (၃)သောင်းကျော် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

စစ်ကိုင်းမြို့နယ်တွင် ပြီးခဲ့သည့်နှစ်က ဂျုံ ၃၁၀၃၃ ဧက စိုက်ပျိုးခဲ့ရာမှ ယခု ၂၀၂၄-၂၀၂၅ ဂျုံစိုက်ပျိုးရာသီတွင် ၃၁၀၃၅ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

"ဒေသနဲ့ ကိုက်ညီတဲ့ ဈေးကွက်ဝင် အထွက်ကောင်း ဂျုံမျိုးတွေ ပြောင်းလဲသုံးစွဲဖို့၊ စိုက်နည်းစနစ်မှန်ကန်ဖို့၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်စေဖို့၊ သဘာဝမြေဩဇာအသုံးပြုမှုမှန်ကန်စေဖို့၊ ရိတ်သိမ်းချိန်လွန် အလေအလွင့်မရှိစေဖို့၊ သိုလှောင်ထားချိန်မှာ မျိုးရောစပ်မှုမရှိစေဖို့ကို တိုက်နယ်အလိုက် စိုက်ပျိုးရေးတာဝန်ခံများက တစ်ဆင့်နည်းပညာတွေ ပေးပြီး လက်တွေ့ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခုနှစ်မှာ အရင်နှစ်တွေကထက် ဂျုံသီးနှံတွေ ပိုမိုအောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောသည်။

စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နွေ၊ မိုး၊ ဆောင်းရာသီများတွင် ဒေသနှင့်ကိုက်ညီသည့်သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေး၊ EM-ဘိုကာရှီ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနိုင်ရေး၊ ထရိုင်ကို ဒါးမားမြေဩဇာ ပြုလုပ်သုံးစွဲနိုင်ရေးတို့ကို တောင်သူများ ဖိတ်ခေါ်၍လည်းကောင်း၊ ကျေးရွာများအရောက်ကွင်းဆင်း၍လည်းကောင်း စဉ်ဆက်မပြတ် နည်းပညာများ ဖြန့်ဝေပေးပြီး လက်တွေ့ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ) (၃၉၄)



# မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှု အခြေအနေများကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ မတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောမကျေးရွာအုပ်စု၊ တောမကျေးရွာနှင့် ကဖြူကျေးရွာအုပ်စု ညောင်ကားယား+မင်းတဲကုန်းကျေးရွာများ၌ မြစိမ်းရောင်စီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ အောင်မြင်စွာ ဖြစ်ထွန်းနေမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာများ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ရှိသူများသည် တောမကျေးရွာနှင့် ညောင်ကားယား+မင်းတဲကုန်းကျေးရွာရှိ မြစိမ်းရောင်အသင်းသူ အသင်းသားများက စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ၏ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိမရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တောမကျေးရွာနှင့် ညောင်ကားယား+မင်းတဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်းသုံးရာဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ တောမကျေးရွာတွင် အသင်းသား ၁၀၈ ဦးမှ ဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် စီမံကိန်းရန်ပုံငွေကျပ် ၃၂၀ ဒသမ ၅ သိန်းအား အတိုးနှုန်းသက်သာစွာဖြင့် ဒုတိယအကြိမ်မြောက်၊ ညောင်ကားယား+မင်းတဲကုန်းကျေးရွာတွင် အသင်းသား ၁၄၃ ဦး ဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် စီမံကိန်းရန်ပုံငွေကျပ် ၆၂၈သိန်း အား အတိုးနှုန်းသက်သာစွာဖြင့် ဒသမအကြိမ်မြောက်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) (၄၆၉)

# ဂျုံသစ်များ မန္တလေးဈေးကွက်သို့ စတင်ဝင်ရောက်လာ

**မန္တလေး မတ် ၁**

ဂျုံသစ်များ မန္တလေးဈေးကွက်သို့ စတင်ဝင်ရောက်လာ ယခင်နှစ်ထက်ဈေးကောင်း ရရှိကြောင်း ကုန်သည်များထံက သိရသည်။

ဖေဖော်ဝါရီလကုန်ပိုင်းတွင် ဆောင်းရာသီစိုက်ဂျုံများ မန္တလေးဈေးကွက်သို့ စတင်ဝင်ရောက်လာရာ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ ပေါက်ဈေးရှိနေပြီး ယခင်နှစ်က ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ ကျော်သာ ပေါက်ဈေးရှိခဲ့ကြောင်း မတ် ၁၅ ရက်ကျော်တွင် ဂျုံသစ်များ လှိုင်လှိုင်ပေါ်လာမည်ဖြစ်ကြောင်း မန္တလေး ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းဥက္ကဋ္ဌ ဦးသက်တင်က ပြောသည်။

"ဒီရက်ပိုင်းမှာ စစ်ကိုင်းမြို့နယ်ထဲက ဂျုံအသစ်လေးတွေ စတင်ဝင်ရောက်နေပါပြီ။ တပေါင်းလပြည့်ကျော်ဆိုရင်တော့ လှိုင်လှိုင်ပေါ်မှာပါ။ လက်ရှိမှာတော့ ပေါ်ဦးပေါ်ဖျား ဈေးကောင်းရနေပါတယ်။ ဒီနှစ်ကတော့ ပိဿာ ၆၀ တစ်အိတ်ကို ငွေကျပ် ၂၁၀၀၀၀ လောက် ပေါက်ဈေးရပါတယ်။မနှစ်ကတော့ တစ်အိတ်ကို ငွေကျပ် ၁၈၀၀၀၀ လောက်သာ ပေါက်ဈေးရှိခဲ့တာပါ။ ရှမ်းတောင် ဂျုံတွေကတော့ ရန်ကုန်ဈေးကွက်ကို သာသွားတာပါ။ လက်ရှိမှာတော့ မနှစ်က ဂျုံဟောင်းတွေ ပစ္စည်းပြတ်သွားပါပြီ။ ဒီတော့ အသစ်ဝင်ဂျုံတွေ ဈေးကောင်းရနေပါတယ်"ဟု ၎င်း က ပြောသည်။

(အောက်ပုံ)

ရွှေမန်း



# တောင်သူများ ဖရဲများ စတင်စိုက်ပျိုးနေပြီဖြစ်

**ညောင်ဦး မတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်တောင်သူများ နှစ်တစ်တစ်ခေါ် ဂျပန်ဖရဲများ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း ကန်ပတ်လည်ကျေးရွာအုပ်စု၊ မုန့်ကုန်းကျေးရွာ ဦးမင်းညိုထံက သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင်ကျေးရွာများသည် ရာသီပေါ်သီးနှံအပြင် နှစ်ရှည်သီးနှံပင်များဖြစ်သော ထိုင်ဝမ်ပီနံ၊ မာလကာ၊ သဘော်၊ ဖီးကြမ်းငှက်ပျော၊ နဂါးမောက်၊ စိန်တစ်လုံးသရက်စသည့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးကြသလို ၊ ဟင်းနုနယ်၊ နံနံပင်၊ ဆူးပန်းရွက်၊ ချဉ်ပေါင်ရွက်၊ ပဲအမျိုးမျိုး၊ သခွားသီး၊ ဆလပ်အမျိုးမျိုး၊ ကြက်သွန်၊ ခရမ်းချဉ်တို့ကိုလည်း စိုက်ပျိုးကြကာ ဖရဲစိုက်ပျိုးခြင်းကိုလည်း တွဲဖက်စိုက်ပျိုးကြသည်။

ဖရဲတစ်ပင်တွင် ဖရဲသီးသုံးလုံးသာ ချန်ထားပြီး သီးလာသည့် ဖရဲသီးများ ခူးဆွတ်ပေးရကြောင်း၊ သို့မှသာ ရောင်းတန်းဝင်၊ ဈေးကွက်ဝင် ဖရဲသီးဖြစ်လာမည်ဖြစ်ကြောင်း၊ ဖရဲစိုက်တောင်သူ ဦးမင်းညိုက ပြောပြသည်။ ဖရဲများစိုက်ပြီး ရက်ပေါင်း ၆၅ ရက်ရှိလျှင် ခူးဆွတ်ချိန်ရောက်ရှိသည်။ ကျောက်ပန်းတောင်းမြို့နယ်အတွင်း ဂျပန်ဖရဲ(ခေါ်)နှစ်တစ်တစ်မျိုး တစ်မျိုးထဲသာ စိုက်ပျိုးကြပြီး အခြားဒေသများတွင် ဒုံးကျည်သီးဖရဲဟုခေါ်ကြောင်းလည်း သိရသည်။ အခြားဒေသများတွင် ဖရဲမျိုးအားအလုံးကြီးသည့် ၅-၁-၁ အမှတ်တံဆိပ် ဖရဲမျိုးများသာ စိုက်ပျိုးကြပြီး ဂျပန်ဖရဲမျိုးများနှင့် ယှဉ်လျှင် ဂျပန်ဖရဲ၏အရသာက ပိုသာကြောင်းနှင့် ဖရဲသီးစိတ်ရောင်းချရာတွင် ဂျပန်ဖရဲသီးကို အကြိုက်များကြောင်း ကျောက်ပန်းတောင်းမြို့မှ ဖရဲသီးရောင်းချသည့် မဌေးကြည်ကပြောသည်။ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်တောင်သူများသည် ဖရဲစိုက်ပျိုးခြင်းအား မြေအောက်ရေတွင်းများတူးဖော်ကာ စိုက်ပျိုးကြကြောင်း၊ ဖရဲပင်သည် ရေလွှန်စွာကြိုက်ကာ ရေဓာတ် ၇၅ ရာခိုင်နှုန်းပါဝင်ခြင်းကြောင့် အပွင့်စတင်ပွင့်ချိန်မှ အသီးခူးဆွတ်မရောင်းမချင်း ရေသွင်းပေးရကြောင်း၊ ဖရဲစိုက်ပျိုးရောင်းချသူများသည် စိုက်ခင်းရှင်ကိုယ်တိုင် ကျောက်ပန်းတောင်းဈေးသို့ သွားရောက်ရောင်းချခြင်းနှင့် ဖရဲပွဲစားများ စိုက်ခင်းအထိ လာရောက်ဝယ်ယူခြင်းများလည်းရှိကြောင်း သိရကာ ကျောက်ပန်းတောင်းမြို့နယ်ကျေးလက်တောင်သူများ ဖရဲစတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။ (၄၈၁)

# အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ဝန်ထမ်းများနှင့် တွေ့ဆုံ၊ သင်တန်းထူးချွန်သူများအား ဂုဏ်ပြု၊ စားသောက်ကုန်များထောက်ပံ့

**မန္တလေး မတ် ၁**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ရှိ ကျောင်းအုပ်ကြီးနှင့် အရာထမ်းများ၊ နည်းပြများ၊ ဝန်ထမ်းများ တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၂၆ရက် နံနက် ၁၀နာရီက ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်း အုပ်ချုပ်မှုရုံးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က နိုင်ငံဂုဏ်ဆောင်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် အားကစားနည်းအလိုက် လေ့ကျင့်သင်ကြားရေးနှင့်ဝန်ထမ်းရေးရာများ ဆွေးနွေးပြောကြားသည်။ ထို့နောက် ဌာနခွဲအလိုက် နည်းပြများက သင်တန်းသား၊ သင်တန်းသူများအား လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများကို ဆွေးနွေးတင်ပြပြီး ကျောင်းအုပ်ကြီးက တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက Grade12 သင်တန်းသား၊ သင်တန်းသူများ အောင်ချက်မြင့်မားရေး အနီးကပ်ကြီးကြပ်သော ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ခြင်း၊ မီးဖွားခွင့်ခံစားမည့် ဝန်ထမ်း သုံးဦးအား ထောက်ပံ့ငွေ ပေးအပ်ခြင်း၊ သင်တန်းတွင် ထူးချွန်ဆုရသူများအား ဂုဏ်ပြုငွေပေးအပ်ခြင်း၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဆီ၊ ကြက်ဥများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။




(အပေါ်ပုံ) (၀၄၅)

# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ ဏ္ဍာ ရာဇ် များ (၁၁၁)

သွယ်အောင်



၁၉၉၄ ခုနှစ် ညနေပိုင်း အင်ဂျင်နီယာ သင်တန်း တက်ရောက်နေစဉ် မီးရထားစက် ခေါင်းပြင်စက်ရုံမှ (ဗလကြီး)ကိုတင်ဝင်း၏ တိုက်တွန်းမှုကြောင့် တစ်နှစ်လောက် ကဗျာ မရေးဘဲနေခဲ့ရာမှ ကဗျာများကို ပြန်လည်ရေး သား ဖြစ်ခဲ့သည်။ တစ်နေ့ထဲ ကဗျာနှစ်ပုဒ် ရေး ဖြစ်သည်။ "အကြောင်းပြချက်"၊ ကဗျာနှင့် "အိပ်မက်ဖွဲ့စည်းခြင်း"ကဗျာတို့ ဖြစ်သည်။

"အကြောင်းပြချက်"ကဗျာမှာ ရင်ခုန်သံ မဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့ပြီး "အိပ်မက်ဖွဲ့စည်း ခြင်း"ကဗျာမှာ သရဖူမဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြ ပါရှိခဲ့လေသည်။

**အိပ်မက်ဖွဲ့စည်းခြင်း**

**(က)**

* **အဲဒါတွေဟာ . . .**
**ဟင်းလင်းပြင်စီးကြောင်းထဲက**
**ကျွန်တော်ပိုင်တဲ့ ကမ္ဘာကြီး**
**ပန်းသီးနီနီ**
**ဆန်နီပစ်ကပ်**
**စီတီဇင်ကွပ်ဇ်နာရီ**
**ပျားရည်ရောထားတဲ့**
**ဝိုင်အရက်**
**နှုတ်ခမ်းနီမစွက်တဲ့**
**မဒမ်သွယ်အောင်**
**တောင်တန်းတွေ ဝိုင်းထားတဲ့**
**လီမွှော်ခြံကလေး**
**ရေဆေးနဲ့ ရေးထားတဲ့**
**မြို့မငြိမ်းဖိနပ်**
**အားလုံးကို သုံးသပ်လိုက်တော့**
**လက်မထပ်ဘဲ**
**အတူနေလို့ရတဲ့**
**စိတ်ကူးတွေပါလား။**

**(ခ)**

* **အခု . . .**
**ရေမွှေးဖျန်းထားတဲ့**
**ဂန္ဓမာပန်းတွေပေါ်မှာ**
**ကျွန်တော်**
**အိပ်ပျော်နေပါတယ်။ ။**

**သွယ်အောင်**
**(သရဖူမဂ္ဂဇင်း)**
**၁၉၉၅၊ ဖေဖော်ဝါရီလ**

(၄-၂-၁၉၉၄)ရက်စွဲဖြင့် ရေးခဲ့သော်လည်း တစ်နှစ်ကြာမှ သရဖူမဂ္ဂဇင်း စာမျက်နှာပေါ် ရောက်ရှိခဲ့သော ကဗျာဖြစ်သည်။ ၁၉၉၄ ခုနှစ် သည် ကျွန်တော့်ဘဝအတွက် ရင်ခုန်စိတ်လှုပ်ရှား ဖွယ်နှင့် ပျော်ရွှင်ဖွယ်ကာလများပင် ဖြစ်ပါသည်။

ကျောင်းဆရာဘဝ ညနေပိုင်း အင်ဂျင်နီယာ သင်တန်းတက်နေသော ကျောင်းသားဘဝတို့ဖြင့် ကဗျာများ ပြန်လည်ရေးဖွဲ့ဖြစ်နေသည်။ သူနာပြု သင်တန်းတက်နေသော ချစ်သူနှင့် စနေ၊ တနင်္ဂနွေ အားလပ်ရက်များတွင် မန္တလေးမြို့ပေါ်ရှိ မဟာမုနိ ဘုရားကြီး၊ သကျသီဟဘုရား၊ ရွှေကျီးမြင်ဘုရား၊ ကုသိုလ်တော်ဘုရား၊ အောင်တော်မူဘုရားများသို့ ဘုရားဖူးရင်း ရွှေသက်န်းကပ်လှူ၊ ရေသပ္ပာယ်ကာ ကုသိုလ်ကောင်းမှုများ ပြုလုပ်ရသည်မှာ စိတ် ချမ်းမြေ့ ကြည်နူးစရာကောင်းလှသည်။

နှစ်ဦးသားဘုရားမှအပြန် ပန်းကမ္ဘာ ရေခဲမုန့် ဆိုင် ထိုင်ဖြစ်ခဲ့သည်မှာလည်း တကယ့်ကို ပန်း ကမ္ဘာကြီးထဲရောက်သွားရသလို ဘဝဟာ အေးချမ်း ပျော်ရွှင်ဖွယ်အတိဟု ဆိုရပေမည်။

အနာဂတ်အတွက် စိတ်ကူးဗိမာန်တည်ဆောက် ရင်း ညတိုင်း ကဗျာများ ရေးဖွဲ့ဖြစ်သည်။ ဘဝ သည် အမြဲတမ်း ပျော်ရွှင်စွာနေရလိမ့်မည်ဟု အပိုင် သေချာတွက်ထား၍ မရချေ။ အဆင်မပြေနေ့ရက် များနှင့် ကြုံတွေ့ရသည့်အခါ တစ်ဦးနှင့်တစ်ဦး စိတ်ဆိုး၊ စိတ်ကောက်ကြကာ သိမ်မွေ့သော ရန်ပွဲ လေးများဖြင့် နေ့တစ်နေ့ကို ကုန်ဆုံးစေခဲ့သည်။

ထိုအခါ ကျွန်တော်က ပြဿနာမဖြစ်စေဖို့ စိတ်ခံစားမှု (Emotion) အိမ်ရှိုးရှင်းကို စာရွက်ပေါ် စကားလုံးများအဖြစ် ပြောင်းလဲပြီး ကဗျာများ အဖြစ် ဖန်တီးရေးဖွဲ့နေမိသည်။

(၃၀-၅-၁၉၉၄)ရက်စွဲဖြင့် ရေးဖွဲ့ခဲ့သော "လင်းနို့ရဲ့ လှည့်ဖြားမှု" ကဗျာက ကျွန်တော့် နှလုံးသားတွင် အမာရွတ်ထင်လို့နေတော့သည်။

**လင်းနို့ရဲ့ လှည့်ဖြားမှု**

* **အဆန်းဆန်း အပြားပြား**
**ခမ်းနားလှတဲ့ အိပ်မက်**
**အတောင်ပံတွေ . . .**
**ပြိုးပြက်လို့ ။**

* **ခဲသားရောင်ထဲမှာ**
**ငှက်တစ်ကောင်**
**ပျံသန်းလာခြင်းပဲ။**

* **အစန်းနံ့ရှိတွေက**
**ပဲ့တင်ပြန်လာတဲ့**
**အော်သံဟာ . . .**
**မျက်နှာကြက်ကို**
**ဖောက်ထွက်သွားတယ်။**

* **မျက်စိမှောက်တာပါ**
**စောစောက ပျောက်သွားတဲ့**
**ငှက်ဟာ . . .**
**ကြွက်အသွင်နဲ့**
**ထုပ်တန်းမှာ ချိတ်တွဲလို့။**


* **လှည့်ဖြားခံလိုက်ရတဲ့**
**အမှန်တရားရယ်**
**ဝေ့ဝါးနေလိုက်တာ**
**အဲဒါ . . .**
**ငှက်မဟုတ်**
**ကြွက်မဟုတ်**
**တလှုပ်လှုပ်နဲ့**
**လင်းနို့ကလေးရယ်ပါ။ ။**

**သွယ်အောင်**
**(အောက်မေ့ဘွယ်အယ်လ်ဘမ်**
**ကဗျာစာအုပ်)**




ထိုကဗျာ မည်သည့်မဂ္ဂဇင်းမှ မပို့ဖြစ်ဘဲ သိမ်း ထားခဲ့ပြီး အစ်ကိုလို ခင်မင်ရသော ကဗျာဆရာ နီမောင် ကွယ်လွန်သွားခဲ့သည့် အထိမ်းအမှတ် အမှတ်တရကဗျာစာအုပ် ထုတ်မည်ဆိုသောကြောင့် ကဗျာမိတ်ဆွေများက ကဗျာတောင်းသဖြင့် "လင်းနို့ ရဲ့ လှည့်ဖြားမှု"ကဗျာကို ပေးဖြစ်ခဲ့ပါသည်။

၁၉၉၄၊ ဇွန်လထဲတွင် ကျွန်တော် ကဗျာနှစ်



ပုဒ် ရေးဖွဲ့ဖြစ်သည်။ တစ်ပုဒ်မှာ ဩဂုတ်လတွင် မွေးဖွားခဲ့သော ကျွန်တော်၏မွေးနေ့ကို အကြောင်း ပြုပြီး ဂျပန်ပြည်၏အထင်ကရ "ဟီးရိုးရှီးမားနေ့" (နေ့ရက်တူသဖြင့်) "မွေးနေ့လက်ဆောင် အမည် ဖြင့် ဂုဏ်ပြုကဗျာ ရေးဖွဲ့ဖြစ်သည်။ ယင်းကဗျာ ၂၀၁၅၊ မတ်လ ၂၁ရက်(ကမ္ဘာ့ကဗျာနေ့) ကမ္ဘာ့မြေသို့ အလင်းဖွဲ့အနမ်းစာအုပ်တွင် ပုံနှိပ် ဖော်ပြပါရှိခဲ့၏။

**မွေးနေ့လက်ဆောင်**

* **အဏုမြူဗုံးဒဏ်နဲ့**
**ဓီဝနိဂုံးချုပ်ခံခဲ့ရတဲ့**
**ဟီးရိုးရှီးမား မြို့ကလေးကို**
**ဩဂုတ်လ တိမ်တိုက်များက**
**ဖုံးအုပ်ထားလိုက်ကြပြီ။**

* **ကောင်းကင်ပေါ်ကနေ**
**တဖွဲဖွဲ ခုန်ဆင်းလာလိုက်ကြတာ**
**ပြာစနဲ့ ဖွဲ့စည်းထားတဲ့**
**မျက်ရည်တွေပါလား။**

* **အဲဒီအချိန်မှာ**
**ငါဟာ . . .**
**စက္ကန့်ပေါင်းများစွာ**
**ငြိမ်သက်ခြင်းနဲ့**
**တသကြေကွဲဖွယ် ရှုမျှော်ခင်းတွေ**
**အမှတ်တရ ရေးဆွဲနေလိုက်တယ်။**

* **ဟော . . .**
**ဟီးရိုးရှီးမားနေ့မှာ မွေးတဲ့**
**ငါ့ရဲ့မွေးနေ့အတွက်**
**မွေးနေ့လက်ဆောင်အဖြစ်**
**သံလွင်ခက်နဲ့ ချိုးဖြူငှက်တွေ**
**ပျံသန်းလာတာ မြင်ရပြီ။ ။**

**သွယ်အောင်**
**(ကမ္ဘာ့ကဗျာနေ့ အထိမ်းအမှတ်**
**ကဗျာတင်ဆက်မှုစာအုပ်)**
**၂၀၁၅၊ မတ်လ**



# ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း မတ် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်း မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဝမ်ဟိုရမ်း၊ ဝမ်ဘန်း၊ ဝမ်လဲ၊ ဝမ်ကျူး၊ ဝမ်မိုင်-ကျောက်ခင်းလမ်း၊ အရှည် (၄)ဖာလုံ၊ ထု ၆လက်မ၊ အကျယ် ၁၆ပေ၊ ရန်ပုံငွေ - ၇၉ ဒသမ ၈၄ သန်း ပြည်နယ်ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေအား မြို့နယ်တည်ဆောက်ရေးကော်မတီဝင်များက စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။(**အပေါ်ပုံ**)

**မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ရယ်စုံစွ၊ တပေါင်းလ

* နင်းလည်းတဖျောက်၊ မင်းလွင်ရောက်၍
တိမ်တောက်ညိုပြာ ၊ တိမ်စုကာတို့
ရံခါရောယှက် ၊ အာကာထက်၌ ။

* မိုးသားလည်းကြူ ၊ လေပွေရူးနှင့်
နွေဦးအစ ၊ ၁၂ လအဆုံး
မြူလွှာဖုံးသည် ၊ မှုံမှိုင်းရီလျက် ။

* စိမ်းဝါနီစွက် ၊ ညိုရောင်ဖက်၍
ရွက်ကြွေရွက်သစ် ၊ ရွက်ပုရစ်ဖူး
ရောင်စုံမြူးနေ ၊ တောလုံးဝေ၏ ။

* လက်ပံပွင့်ကြွေ ၊ ထန်းပွင့်ဝေစီ
သရဖီမင်း ၊ သဇင်ကွင်းတို့
လှခြင်းလည်းပြိုင် ၊ နံ့သင်းကြိုင်လို့

* ဥသြတေးသံ ၊ ရွက်ကြွေသံတို့
ပင်ယံမြိုင်နန်း ၊ လေပြည်ဖျန်းသော်
နာပျော်ဖွယ်ရှိ ၊ ဘဝင်ငြိသည် ။

* အသံမစဲ ၊ ပဌာန်းပွဲစည်
သဲစေတီတို့ ၊ ပူဇော်ရည်မှန်း
နိဗ္ဗာန်လမ်းဆီ ၊ လက်အုပ်ချီလျက်
တေးသီမဝ ၊ စာဖွဲ့မကုန်
ရယ်စုံစွ ၊ တပေါင်းလကား
ဝသဝတ္တိ ၊ နတ်ပြည်ထိတိုင်
တုယှဉ်ပြိုင်၍ ၊ နိုင်လိမ့်မည် ။ ။

**ဦးခေ**



# အောင်လံမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ၁၂၀၄ ဦး ဝင်ရောက်ဖြေဆိုမည်

**အောင်လံ မတ် ၁**

၂၀၂၄-၂၀၂၅ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်အလိုက် သက်ဆိုင်ရာစာစစ်ဌာနများ၌ မတ်လတွင် စတင်၍ ကျင်းပသွားမည်ဖြစ်ရာ မကွေးတိုင်းဒေသကြီး၊အောင်လံမြို့နယ်တွင် စာစစ်ဌာနတစ်ခု ဖွင့်လှစ်မည်ဖြစ်ကြောင်း အောင်လံမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အောင်လံမြို့နယ်တွင် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန်အတွက် အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းများနှင့် ပြင်ပဖြေဆိုရန် လျှောက်ထားသည့် ကျောင်းသား၊ကျောင်းသူ ယမန်နေ့အထိ စုစုပေါင်း ၁၂၀၄ ဦး ရှိသည်။

၂၀၂၄-၂၀၂၅ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်မှ ၂၂ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သက်ဆိုင်ရာ စာစစ်ဌာနများ၌ ကျင်းပသွားမည်ဖြစ်ပြီး သက်ဆိုင်ရာ စာသင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား အနီးကပ်သင်တန်းများဖြင့် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(**အပေါ်ပုံ**)

**အာကာ(ပြန်/ဆက်)**

# မိုးကြိုဝါစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုပေးအပ်ပွဲ ကျင်းပ

**ပျော်ဘွယ် မတ် ၁**

ပျော်ဘွယ်မြို့နယ်သမဝါယမဦးစီးဌာနမှ မြို့နယ်အတွင်းရှိ မိုးကြိုဝါစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၇ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ဦးစီးဌာနရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ သမဝါယမဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးအာကာထွန်းက သမဝါယမဦးစီးဌာနအနေဖြင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ စိုက်ပျိုးသီးနှံများအတွက် သွင်းအားစုများ ပေးအပ်ခဲ့မှုအခြေအနေများကိုရှင်းလင်းဆွေးနွေးပြီး မိုးကြိုဝါစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများအား မျိုးစေ့များပေးအပ်သည်။

မြို့နယ်သမဝါယမဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ မိုးကြိုဝါစိုက်ပျိုးမည့် သမဝါယမအသင်းကိုးသင်းမှ အသင်းသား ၁၉၄ဦး၊ စိုက်ဧက ၆၀၀အတွက်၊ B-31 မျိုးစေ့အိတ်ပေါင်း ၄၃၇ အိတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

(**အောက်ပုံ**)

**မင်းမင်းထွေး(ပျော်ဘွယ်)**






**သင့်သွေးဖြင့် အသက်ကယ်ပါ။**

# စားသုံးသူရေးရာအသိပညာပေး Talk Show ဆောင်ရွက်

**သရက် မတ် ၁**

မကွေးတိုင်းဒေသကြီးသရက်မြို့၌ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့ပူးပေါင်းတင်ဆက်သည့် စားသုံးသူရေးရာ အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ Talk Show ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်(၃)ဒေါ်ဇာခြည်လွင်နှင့် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းမြင့်တို့က အွန်လိုင်းမှ ဈေးဝယ်ခြင်းတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များ၊ ကုန်စည်ဝန်ဆောင်မှု ဝယ်ယူသုံးစွဲရာတွင် စားသုံးသူပြည်သူများ စိစစ်သင့်သည့် အချက်များ၊ မှတ်ပုံတင်ထားသည့် အွန်လိုင်းရောင်းချမှုများ၊ လုပ်ငန်းများမှ ဝယ်ယူခြင်းဖြင့်ရရှိမည့် အကျိုးရလဒ်များတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။(**အောက်ပုံ**)

**ဇော်ထက်(သရက်)**



# သတင်းပဒေသာ

## မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး ဟောပြော

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့၌ မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေး၊ တောမီးနှင့် အခြားမီးလောင်ကျွမ်းမှုများ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဟောပြောခဲ့ကြသည်။

ဟောပြောပွဲတွင် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်က သဘာဝအလျောက် တောမီးလောင်ကျွမ်းခြင်း၊ တို့မီး၊ ရှို့မီးနှင့် အခြားပေါ့ဆမီးများကြောင့် ဖြစ်ပေါ်လာသည့် ဒေသတွင်း မီးခိုးမြူငွေ့ကျရောက်နိုင်သည့် အခြေအနေများအား အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဆန်စျေးနှုန်းမြင့်တင်ပြန့်ပြူးရောင်းချခြင်းနှင့် စျေးကစားရန် သိုလှောင်ထားခြင်း မရှိစေရေး စစ်ဆေး

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့၌ ဆန်စျေးနှုန်းမြင့်တင်ဖြန့်ဖြူးရောင်းချခြင်းနှင့် စျေးကစားရန် သိုလှောင်ထားခြင်း မရှိစေရေးအတွက် မြို့မစည်ပင်သာယာစျေး အတွင်း၊ အပြင်နှင့် မြို့ပေါ်ရပ်ကွက်များအတွင်း ရောင်းချလျက်ရှိသော ဆန်ဆိုင်များအား ယမန်နေ့ နံနက် ၈နာရီက မြို့နယ် ကုန်စျေးနှုန်းတည်ငြိမ်ရေးအဖွဲ့ တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကုန်စျေးနှုန်းတည်ငြိမ်ရေးအဖွဲ့ (မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့) တာဝန်ရှိသူများက မြို့မစည်ပင်သာယာစျေး အတွင်း၊ အပြင်နှင့် မြို့ပေါ်ရပ်ကွက်များအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော ဆန်ဆိုင်များအား ဆန်စျေးနှုန်း မြင့်တင်ဖြန့်ဖြူးရောင်းချခြင်းနှင့် စျေးကစားရန် ဆန်များ သိုလှောင်ထားခြင်းမရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးပြီး ဆန်ဆိုင်တာဝန်ရှိသူများအား အသိပညာပေးဆွေးနွေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## Advance Excel သင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဆင်းပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုနှင့်အတူ ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် Advance Excel သင်တန်းအမှတ်စဉ်(၁/၂၀၂၅) ဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်စန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါသင်တန်းကို တစ်လကြာ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သဘာဝမြေဆွေးပုံပြုလုပ်နည်း သရုပ်ပြပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့တွင် မီးခိုးမြူငွေ့ညစ်ညမ်းမှု အန္တရာယ်လျှော့ချရေးနိုင်ရေး အသိပညာပေးဆွေးနွေးပွဲနှင့် သဘာဝမြေဆွေးပုံပြုလုပ်နည်းသရုပ်ပြပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက တုန်ဟုန်းကျေးရွာအုပ်စု၊ (၂၉)မိုင်ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ လွိုင်လင်ခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးမျိုးမင်းသန်းက အဖွင့်အမှာစကားနှင့် သီးနှံများ အထွက်နှုန်းတိုးတက်စေရန် ဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကိုဆွေးနွေးခဲ့ပြီး ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ခင်နှင်းသူက ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းများနှင့် (Trichoderma) ဇီဝသက်ရှိမှို အသုံးပြု၍ မြေဆွေးပုံပြုလုပ်နည်းများကို အသိပညာပေး ဟောပြောပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း




**မန္တလေး မတ် ၁**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ (ဓမ္မာစရိယ၊ B.A) အရှင်မြတ် ဟောကြားချီးမြှင့်သော ရေစက်ချ အနုမောဒနာတရား နာယူကြည်ညို ကြပြီး မန္တလေး၊ ပြည်ကြီးရန်လုံရပ်နေ အလှူရှင် ဒေါ်ခင်မော်မော် (အ.ထ.က(၇)-ငြိမ်း)မိသားစုက ဒေါ်ခင်မော်မော်၏ အသက်(၆၇)နှစ်ပြည့် မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(ဝ၃၆)

# ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီးသို့ ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး မတ် ၁**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သော မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၆၂လမ်းရှိ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီးသို့ အလှူရှင် တာချီလိတ်မြို့နေ ဦးဝမ်စီလုံ + ဒေါ်ထားထားမြင့်၊ (သမီး) မဇင်မိမိအောင်၊ မသီဂီလွင် မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ်ငါးသိန်းကို ယမန်နေ့က ၆၂လမ်းနှင့်၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးရုံး ရုံးအုပ်ကြီး ဦးစိုးမြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့ အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင်၊ ဆွမ်းဒေသာပင်နှင့် အခြားဘက်စုံ အလှူငွေများ လှူဒါန်းလိုပါက ဆေးရုံ အလှူခံဌာနတွင်လည်းကောင်း၊ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်၍လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ယာပုံ)

(မန္တလေးနေ့စဉ်-၁)



**မျက်စိလျှကြ မျက်ကြည်ရ၊ မြတ်သည့် လှူဒါန။**



# သောက်သုံးရေ လှူဒါန်း

**မကွေး မတ် ၁**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ရေနံချောင်းမြို့ရှိ သောက်သုံးရေ အခက်အခဲဖြစ်နေသော သီလရှင်ကျောင်းနှစ်ကျောင်းသို့ ယမန်နေ့က သောက်သုံးရေ လှူဒါန်းခဲ့သည်။

ထိုသို့ ရေလှူဒါန်းရာတွင် ရေနံချောင်းမြို့၊ ဘေးမဲ့ရပ်ကွက်ရှိ သီရိမင်္ဂလာသီလရှင်ကျောင်းနှင့် ဇရိပ်ငြိမ် သီလရှင်ကျောင်းများသို့ သောက်သုံးရေ အခက်အခဲ ဖြစ်နေမှုအား သောက်သုံးရေကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)(၄၇၂)

# ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေ ပေးအပ်

**တောင်တွင်းကြီး မတ် ၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက တောင်တွင်းကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားသို့ တောင်တွင်းကြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပြောင်းရွှေ့ရောက်ရှိလာသည့် နေရပ်စွန့်ခွာပြည်သူများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာသူ ၂၈၉ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၅၇၈၀၀၀၀ ကို ယာယီနေရပ်စွန့်ခွာပြည်သူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ပြီး ကျန်ရှိသည့် နေရပ်စွန့်ခွာသူများကိုလည်း လက်ဝယ်အရောက် ဆက်လက်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။**နောင်နောင်(ဇိဿနီးမြေ)**



# သီလပညာပြည့်မှသာ ကင်းမှာအဂတိ

> ယဉ်ကျေးတယ်ဆိုတာက မရိုင်းတာ၊ လိမ္မာတယ်ဆိုတာက မိမိနဲ့ သူတစ်ပါး မထိခိုက်အောင် မိမိရဲ့ ကိုယ်နှုတ်စိတ်ကို ထိန်းသိမ်းနိုင်တာ၊ ယဉ်ကျေးတာက သီလ၊ လိမ္မာတာက ပညာဗျ၊ သီလနဲ့ပညာ ပြည့်စုံမှသာ လောကမှာ ဘယ်နေရာကျကျ အပြစ်လွတ် အမှားကင်း၊ အဂတိတရား ကင်းမှာဆိုတာ ကျွန်တော်တို့တစ်တွေ သိထားကြဖို့သာ။ ။

လူ့ဘောင်လူ့လောကကြီးက ကျယ်ပြောလှပါတယ်။ လူ့ဘောင်လူ့လောကကြီးကလည်း ပို၍ ပို၍ ကျယ်ပြောသောကမ္ဘာ၊ စကြာဝဠာကြီးနဲ့ နှိုင်းယှဉ်လျှင်တော့ သေးနုပ်သွားမှာပါ။ ဒါပေမဲ့ လူ့လောကမှာသာ ပွင့်ပေါ်ထွန်းတောက်နိုင်တဲ့ မြတ်စွာဘုရားရဲ့ ဓမ္မတရားကတော့ စကြာဝဠာတိုက်တစ်သောင်းက အမိုက်အပေါင်းကိုထွန်းလင်းပြီး အလင်းဓာတ်ပေးနိုင်တယ်ဆိုတာကလည်း မငြင်းနိုင်တဲ့အရာပါ။

လူရယ်လို့ဖြစ်လာပြီဆိုရင် တစ်ဦးတည်း၊ တစ်ယောက်တည်း နေထိုင်လို့မရပါဘူး။ ကျမ်းဂန်တွေမှာဆိုထားပါတယ်။ သင်္ဂဟတရားလေးပါးရှိတယ်တဲ့။ သဇာတိသင်္ဂဟော(ဇာတ်တူခြင်းပေါင်းခြင်း)၊ သဥ္ဇာတိသင်္ဂဟော(ဖွားရာနေရာတူခြင်း၊ ပေါင်းခြင်း)၊ ကိရိယသင်္ဂဟော(လုပ်ငန်းတူခြင်း၊ ပေါင်းခြင်း)၊ ဂဏာနသင်္ဂဟော(ဂဏန်းသချာၤပေါင်းခြင်း)တို့ ဖြစ်ပါသတဲ့၊ ဆိုလိုတာကတော့ပေါင်းကိုပေါင်းရမယ်လို့ဆိုလိုတာပါ။ ဩကာသလောကကြီးတစ်ခုလုံးကိုပဲကြည့်လေ မဟာဘုတ်ဓာတ်ကြီးလေးပါး ပေါင်းစပ်ပြီးမှဖွဲ့စည်းထားတာ မဟုတ်လား၊ မဟာဘုတ်ဓာတ်ကြီးလေးပါး ပြိုကွဲပျက်စီးရင် မညီမျှရင် လောကကြီးပြိုပျက်ရမှာ မဟုတ်လား၊ ဒီသဘာဝတရားကို နားလည်ထားဖို့က အရေးကြီးလှပါတယ်။

သဇာတိသင်္ဂဟောတဲ့ ဇာတ်တူသဘာဝတူသူခြင်းဟာလည်း ပေါင်းစပ်ကြတာပဲ၊ ပူးတွဲနေထိုင်ကြတာပဲ၊ အဖွဲ့အစည်းပြုပြီး ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ စုစည်းနေထိုင်ကြတာပါပဲ၊ မိမိတို့ရဲ့ ဇာတိပုညဂုဏ်မာနကိုမူတည်ပြီး အချင်းချင်းစောင့်ရှောက်ကြ၊ မိမိတို့ရဲ့ဇာတိကို ထိန်းကြတာပါပဲ၊ ဒီအထဲမှာမှ မိမိတို့ရဲ့အမျိုး၊ ဇာတိကိုအလေးမထား၊ ဂုဏ်မယူအထင်သေး၊ ဖျက်လို့ဖျက်ဆီးပြုလိုသူတွေဆိုတာလဲ ပေါ်လာတတ်တာပါပဲ၊ အဲ့လိုဖျက်လိုဖျက်ဆီးသမားတွေ တစ်ဦးစ နှစ်ဦးစကနေ အများပေါင်းမိလာရင် ဇာတိဂုဏ်ဆိုတာလည်း ပျက်စီးပေးရတာပါပဲ၊ အဲဒီလိုမပျက်စီးအောင်ထိန်းသိမ်းတတ်တဲ့ ဇာတ်တူသဘာဝတူတွေအင်အားကြီးပြီး ကာကွယ်နိုင်အောင်ကြိုးစားမှ၊ အားထုတ်မှ၊ စည်းလုံးကြမှသာ မိမိတို့ဇာတိဂုဏ်ကိုကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ထိုကာကွယ်ခြင်းကို မှန်ကန်တဲ့ကာကွယ်ခြင်းလို့ဆိုရမှာ ဖြစ်ပါတယ်။ သဥ္ဇာတိသင်္ဂဟောဆိုတဲ့ဖွားရာနေရာတူခြင်း ပေါင်းခြင်းဆိုတဲ့နေရာမှာ ဖွားရာနေရာတူဖြစ်တဲ့အတွက် အမျိုးဇာတ်မတူသူတွေ၊ ကိုးကွယ်ရာဘာသာမတူသူတွေ၊ လူမျိုးမတူသူတွေဆိုတဲ့သူများ ဖွားရာဒေသနေရာတူသူတွေအဖြစ်ဖြစ်တည် စုဝေးမိကြခြင်းဖြစ်ပါတယ်။ ထိုသူများကလည်း ဖွားရာဒေသကိုစွဲ၍ ဒေသချစ်စိတ်ဆိုတာ ဖြစ်ပေါ်လာကြတာပါပဲ၊ အဲဒီဒေသချစ်စိတ်ကိုအခြေခံပြီး အစုအဖွဲ့နဲ့ ပေါင်းစပ်ပူးတွဲနေထိုင်ကြပြန်တာပါပဲ၊ အဲဒီထဲမှာလဲ မတူကွဲပြားမှုတွေကိုအခြေခံပြုကာဒေသတွင်းစည်းလုံးမှုနဲ့ ချစ်ကြည်ပေါင်းစည်းခြင်းကိုပြိုကွဲအောင်ပြုမဲ့ အဖျက်သမားလူတန်းစားတွေ ပေါင်းစပ်မိပြီးအင်အားကြီးလာရင် အဲ့ဒီဒေသလည်းမတည်ငြိမ်၊ မအေးချမ်းပဲ ပြိုကွဲပျက်စီးခြင်းဘက်ကိုသွားရတတ်ပါတယ်။ ထိုအချက်များကိုကမ္ဘာပေါ်ကဒေသတိုင်းမှာ ကြုံတွေ့နေရတာပါ။ အမျိုးမျိုးသောလူတွေစုဖွဲ့နေထိုင်ပြီး ဒေသတူ အမြင်တူ စုမိပြီး မြို့ပြနိုင်ငံတော်တွေထူထောင်ပေါင်းစည်းနေထိုင်ကြတာ လူ့သမိုင်းမှာ အထင်အရှားပါပဲ။

တစ်ခါ ကိရိယသင်္ဂဟောဆိုတဲ့လုပ်ငန်းတူခြင်း ပေါင်းခြင်းဆိုတဲ့ သင်္ဂဟတရားကိုကြည့်လျှင်၊ ကုန်သည်ခြင်း၊ လယ်လုပ်ခြင်း၊ နိုင်ငံရေးလုပ်ခြင်းကဲ့သို့သောလုပ်ငန်းတူများ ပူးပေါင်းဆက်စပ်နေထိုင်ခြင်းဆိုတဲ့အနေအထားပါ၊ ဒီအထဲမှာ နိုင်ငံတစ်နိုင်ငံရဲ့အုပ်ချုပ်မှု၊ ဝန်ထမ်းအဖွဲ့အစည်း၊ ဌာနစိတ်တစ်ခု၊ အပေါင်းအသင်းတစ်ဖွဲ့စသည့်ဖြင့် စုစည်းကြခြင်းပါ။ အများနဲ့အတူ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစတဲ့ ဗြဟ္မစိုရ်တရားနဲ့နေရင်အဲဒီအဖွဲ့ ငြိမ်းချမ်း၊ အေးမြတိုးတက်မှာ အသေအချာပါ။ သို့သော်ပုထုဇဉ်များမို့ လူအမျိုးမျိုး စိတ်အထွေထွေ မဟုတ်ပါလားခင်ဗျာ။ ဒီအဖွဲ့အစည်းကို ခွဲခြမ်းစိတ်ဖြာကြည့်ရင်တော့ အဆိုးအကောင်းရောယှက်နေတဲ့ ပုံစံကိုတွေ့ရမှာပါ၊ ဒီလိုအဖွဲ့အစည်းထဲမှာ ယှဉ်ပြိုင်လိုစိတ်၊ အနိုင်ရလိုစိတ်၊ သူ့ထက်သာလို စိတ်နဲ့လုပ်ကိုင်နေကြသူတွေရှိသလို ဗြဟ္မစိုရ်တရားနဲ့သွားနေသူတွေ လည်းရှိကြပါတယ်။ လုပ်ငန်းတူမို့ယှဉ်ပြိုင်ကြတဲ့အခါမှာ အတူတူပူးပေါင်းလုပ်ဆောင်ပြီး အောင်မြင်မှုအတူတကွရရှိအောင် စည်းစည်းလုံးလုံးလုပ်ဆောင်နိုင်တာမျိုးတွေရှိသလို ကိုယ်နဲ့စိတ်ဓာတ်၊ ခံယူချက်၊ အကျင့်စရိုက်မတူညီတဲ့သူတွေနဲ့ ယှဉ်ပြိုင်နေတဲ့အခါ ကိုယ့်ယုံကြည်ချက် ကိုယ်ဆုပ်ကိုင်ပြီး မှန်ကန်စွာကြိုးစားယှဉ်ပြိုင်ကြဖို့က အရေးကြီးဆုံးအချက်ပါ။ အချို့တွေကအနိုင်ရလိုသော၊ အောင်မြင်လိုသော၊ ရာထူးရာခံရလိုသောစိတ်တွေနဲ့ တစ်ဖက်လူကို အငိုက်ဖမ်း၊ ရိုးသားမှုကိုအခွင့်ကောင်းယူ၊ မရိုးမသားညစ်ပတ်တဲ့စိတ်နဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ နေရာပိုင်း ယိမ်းယိုင်ပြိုလဲအောင်ခြုံခိုတိုက်ခိုက်တတ်တဲ့ လူယုတ်မာအဆင့်အတန်းမျိုးရှိသူတွေနဲ့လည်း ကြုံတွေ့ကြရမှာပါ။ အဲ့ဒီလိုလူမျိုးဟာ စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်မှုမရှိသူ၊ တရားမသိသူ၊ စိတ်ဓာတ်အင်အားချို့တဲ့သူများသာဖြစ်တတ်တယ်လို့ စိတ်ပညာသဘောတရားအချို့က ဆိုထားပါတယ်။ အဲဒီလိုလူမျိုးတွေက မနာလို အစိုးရိမ်လွန်စိတ်များခြင်း၊ အမြဲထိတ်လန့်စိုးရိမ်နေခြင်း၊ အများကိုသံသယစိတ်ဖြင့် အမြဲကြည့်တတ်ခြင်း၊ နေရာတစ်ခုရရှိတည်မြဲရေးအတွက် အခြားသူများကို အပုပ်ချစော်ကားတိုက်ခိုက်တတ်ပြီး ရလိုမှုကြီးမားကာဆင်ခြင်တုံတရားမဲ့လာကြပြီး ကျော်ကြားအောင်မြင်မှု ရာထူးဂုဏ်ဒြပ်ရရှိရေးအတွက် အောက်လမ်းနည်းပေါင်းစုံသုံးကြတော့တာပါပဲ။ စိတ်ဓာတ်အင်အားနဲ့ ကိုယ်ကျင့်သီလနည်းပါးတဲ့ လူမျိုးများလို့ ဆိုရမှာဖြစ်ပါတယ်။

တကယ်က ယှဉ်ပြိုင်ကြရာမှာ 'ကိုယ်ကောင်းရင်ခေါင်းမရွေ့၊ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ဘူး' ဆိုတဲ့စိတ်နဲ့ မှန်ကန်တဲ့ယှဉ်ပြိုင်မှုနဲ့ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်သူတွေသာ စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်ပြီး စိတ်ခံအင်အားကောင်းသူများဖြစ်ပါတယ်၊ ယှဉ်ပြိုင်မှုတိုင်းမှာ နိုင်ရင်လည်းဂုဏ်သိက္ခာရှိရှိနိုင်ဖို့လိုအပ်သလို၊ ရှုံးခဲ့ရင်လည်းသိက္ခာရှိရှိအရှုံးခံနိုင်ဖို့လိုပါတယ်၊ 'သူများဂုဏ်ဖျက်၊ ကိုယ်ဂုဏ်မတက်ဘူး' ဆိုတဲ့ဆိုရိုးစကားကို သတိထားရမှာပါ။ ကိုယ့်ရဲ့အလုပ် ကိုယ့်ရဲ့အပြုအမူကသာ သက်သေပြသွားမှာပါ။ အလုပ်နဲ့သက်သေပြရတာထက် အပြောကပိုလွယ်တယ်(Easier Said Than Done.)တဲ့၊ တချို့က ပြောပါတယ်။ အပြောသမားတွေကလည်း တစ်ဘာသာပါ။ လက်တွေ့မပါတဲ့အပြော၊ သူများလုပ်သမျှကိုယ်လုပ်ထားသယောင်နဲ့ ပနာယူတတ်သူတွေဟာ အချိန်ကျရင်ဟာသဖြစ်တတ်ပါတယ်။ အဖွဲ့အစည်းတူ အလုပ်တူထဲမှာအဲဒီလိုစိတ်ဓာတ်ရေးရာနိမ့်ကျသူများပေါင်းမိ ခေါင်းဆောင်လာပြီဆိုကအဲဒီအလုပ်ကအပျက်ဖက်ကိုယွန်းသွားတတ်ပါတယ်၊ မပျက်စီးခင်လည်း အများရဲ့ ကဲ့ရဲ့ငြိုငြင်ခြင်းခံရတတ်ပါတယ်။ 'လူတစ်ယောက်ရဲ့တန်ဖိုးဟာ သူဖြတ်သန်းသွားနေတဲ့ ခေတ်ကြီးက သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့ သမိုင်းပေးတာဝန်ကို ဘယ်လောက်သယ်ပိုးထမ်းဆောင်ခဲ့တယ်ဆိုတဲ့အချက်နဲ့ တိုင်းတာရမှာပဲ' ဆိုတဲ့ ဆရာကြီးဗန်းမော်တင်အောင်ရဲ့စကားကိုလည်း သတိရမိပါရဲ့၊ မိမိဖြတ်သန်းနေတဲ့အခြေအနေနဲ့၊ မိမိလုပ်နေတဲ့အလုပ်တာဝန်မှာ ကိုယ်ဘယ်လောက်လုပ်နိုင်တယ် ဘယ်လောက်ထမ်းဆောင်နိုင်ခဲ့တယ်ဆိုတာနဲ့ တိုင်းတာတာဖြစ်လို့ မိမိရဲ့စိတ်ရင်းနဲ့ အလုပ်သည်သာအဓိကရာပါ၊ အခွင့်အရေးသမားတွေဆိုတာ အချိန်တန်ရင်လွင့်ပါးနိမ့်ကျ၊ နှာခေါင်းရှုံ့ခံကြရမှာ လောကဓမ္မတာပါ။

ရှေးလူကြီးတွေကပြောထားခဲ့တယ်။ လူသုံးမျိုးရှိတယ်။ (၁)လူသေသွားပေမယ့်နာမည်မသေတဲ့သူ၊ (၂)လူမသေပေမယ့် နာမည်သေသွားတဲ့သူ၊ (၃)လူလည်းသေနာမည်လည်းသေသွားတဲ့သူတဲ့…၊ အဲ့ဒီသုံးမျိုးထဲက နံပါတ်(၁)အမျိုးအစားသာ လူနတ်ချီးမွမ်းရတဲ့သူမျိုးပါ။ လူ့ဘဝနေရခဏမှာ မိမိနေထိုင်ရာဒေသ၊ မိမိအဖွဲ့အစည်း၊ မိမိအလုပ်အတွက် စေတနာထားနိုင်ဖို့ ကြိုးစားရမှာ မိမိဒေသ၊ မိမိအဖွဲ့အစည်း၊ မိမိအလုပ်မှာ မိမိအတ္တတစ်ခုအတွက် မတော်မတည့်မမှန်ကန်ပြုမိရင် နံပါတ်(၃)အမျိုးအစားထဲပါသွားမှာဖြစ်ပြီး သံသရာမှာလည်းဒဏ်ခတ်ခံရတတ်တယ်ဆိုတာ ကံကံ၏အကျိုးကိုယုံကြည်သော ဗုဒ္ဓဘာသာဝင်များ သိပြီးဖြစ်မှာပါ။ 'ကိုယ့်ကိုသုံးလို့ရတုန်းသုံးပြီး၊ သုံးလို့မရတဲ့အခါ လွှင့်ပစ်တာခံရရင် ဘယ်လိုနေမလဲ၊ ဒါကြောင့်လူတစ်ယောက်ကိုအသုံးချချင်စိတ်နဲ့ဘယ်တော့မှ မပေါင်းသင့်ဘူး' လို့ ဆရာတော် ဦးဇောတိကက မိန့်ခဲ့ဘူးတယ်။ သူတစ်ပါးကိုအသုံးချပြီးတက်တာထက် ကိုယ်ကိုယ်တိုင်အသုံးကျတဲ့ လူသားဖြစ်အောင်ကြိုးစားမှသာ မှန်ကန်တဲ့အားထုတ်မှုဆိုတာ သတိပြုရမှာပါ။

'ကားမောင်းရင်လမ်းသိရမယ်၊ မီးနီချိန်၊ မီးဝါချိန်သိရမယ်၊ စီယာတိုင်ကို ကျွမ်းကျွမ်းကျင်ကျင်ကိုင်တတ်ရတယ်၊ အလုပ်ဟာလဲ ထို့အတူပါပဲတဲ့…' ရွှေတောင်တန်းဆရာတော်ကြီးက မိန့်ကြားခဲ့သဗျ…၊ အလုပ်မှာ စူးနေရာစူး၊ ဆောက်နေရာဆောက်၊ ဒူးနေရာဒူး၊ တော်နေရာတော် ဆီလျော်အောင်ရှိနေသိနေမှ၊ သူ့နေရာနဲ့သူတွေကလည်း သုံးမရပျက်စီးပြီး အပေါ်ယံရွှေမှုန်ကြဲတွေများနေရင် မောင်းမရတဲ့၊ မမောင်းသင့်တဲ့ကားကြီးကို ဘယ်လောက်အမောင်းတော်ပါတယ်ပြောပြော မောင်းမိရင်ဘေးသင့်တတ်တာပါပဲ။

ယဉ်ကျေးတယ်ဆိုတာက မရိုင်းတာ၊ လိမ္မာတယ်ဆိုတာက မိမိနဲ့သူတစ်ပါးမထိခိုက်အောင် မိမိရဲ့ကိုယ်နှုတ်စိတ်ကိုထိန်းသိမ်းနိုင်တာ၊ ယဉ်ကျေးတာကသီလ..၊ လိမ္မာတာကပညာ…ဗျ၊ သီလနဲ့ပညာပြည့်စုံမှသာ လောကမှာ ဘယ်နေရာကျကျ အပြစ်လွတ်အမှားကင်း၊ အဂတိတရားကင်းမှာဆိုတာ ကျွန်တော်တို့တစ်တွေ သိထားကြဖို့သာ…

နိုင်ဗလ

# မြန်မာ့အမျိုးသား ဘူမိဥယျာဉ်များမှသည် ယူနက်စကိုကမ္ဘာလုံးဆိုင်ရာ ဘူမိဥယျာဉ်များဆီသို့ (၂)

### Geopark ဘူမိဥယျာဉ် (၁)

ဘူမိဥယျာဉ်တည်ဆောက်ရာတွင် တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်ရခြင်းမဟုတ်သည့်အပြင် အောက်ခြေလူထုမှ အထက်သို့ အဆင့်ဆင့်တင်ပြ၍ ဆောင်ရွက်ကြရသည့် လုပ်ငန်းဖြစ်သည်။ သို့အတွက်ဘူမိဥယျာဉ်သည် ဒေသတွင်းရှိ လူထုပိုင်ဥယျာဉ်ဖြစ်ပြီး ပူးပေါင်းစီမံခန့်ခွဲရသောစနစ် ဖြစ်သည်။

ဘူမိဥယျာဉ်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝင်ငွေရရှိရေးနှင့် ငွေကြေးလည်ပတ်မှုတို့ကို Geotourism ခေါ် ဘူမိခရီးသွားလုပ်ငန်းကိုအခြေခံရပေသည်။ သို့အတွက် ဒေသတွင်းရှိ အသေးစားနှင့် အကြီးစားလုပ်ငန်းရှင်များ၊ စက်မှုလက်မှုအတတ်ပညာရှင်များ၊ ဟိုတယ်နှင့် အိမ်အတူနေဝန်ဆောင်မှုများ၊ စားသောက်ဆိုင်များ၊ ခရီးသွားနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ စတိုးဆိုင်နှင့် အခြားဖျော်ဖြေရေးလုပ်ငန်းများ၊ ခရီးသွားလမ်းညွှန်များ စသည့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများနှင့် ဘူမိဥယျာဉ်ကော်မတီတို့ Partner စီးပွားမိတ်ဖက်အဖြစ် ဖွဲ့စည်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ဘူမိဥယျာဉ်ကို ယူနက်စကိုက ၂၀၁၅ ခုနှစ် စတင်အသိအမှတ်ပြုခဲ့ရာ ၂၀၂၄ ခုနှစ် မတ်လအထိ ကမ္ဘာပေါ်ရှိနိုင်ငံပေါင်း ၄၈ နိုင်ငံတွင် ယူနက်စကိုကမ္ဘာလုံးဆိုင်ရာ ဘူမိဥယျာဉ်ပေါင်း ၂၁၃ ခုအထိ ရောက်ရှိလာပြီ ဖြစ်ပါသည်။ အကြမ်းအားဖြင့် ဘူမိဥယျာဉ်ကို နိုင်ငံအသီးသီး၏ အုပ်ချုပ်မှုစနစ်များပေါ်မူတည်၍ နှစ်မျိုးနှစ်စား ခွဲခြား တည်ထောင်ကြပါသည်။ ယင်းတို့မှာ အမျိုးသားဘူမိဥယျာဉ် National Geopark နှင့် ယူနက်စကို ကမ္ဘာလုံးဆိုင်ရာ ဘူမိဥယျာဉ် UNESCO Global Geopark တို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ ဘူမိဥယျာဉ် ဖွံ့ဖြိုးရေးကော်မတီ၏ အဆိုပြုချက်အရ ရွှေ့ပြေးတည်ထောင်ရန် အလားအလာကောင်းသည့် ဘူမိဥယျာဉ်ဆယ်ခုကို အဆိုပြုထားပါသည်။ ဘူမိဥယျာဉ်များသည် ဒေသတွင်းရှိ တစ်မူထူးခြား၍ အပြည်ပြည်ဆိုင်ရာအဆင့်ရှိ ဘူမိအမွေအနှစ်များ၊ ထူးခြားသောဇီဝမျိုးတူမျိုးကွဲများနှင့် ယဉ်ကျေးမှုအမွေအနှစ်များအပေါ် အခြေခံ၍ ရွေးချယ်သတ်မှတ်ကြရသည့်အတွက် သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနလက်အောက်ရှိ သစ်တောဦးစီးဌာနမှ သတ်မှတ်ကာကွယ်ထားသော ဒေသလေးဆယ်ကျော်တို့မှ ထူးခြားသောဘူမိရုပ်သွင်၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူနေထူထပ်သော ဒေသတို့ကို ဦးစားပေးအဆိုပြုသတ်မှတ်ပါသည်။

ဘူမိဥယျာဉ်ဆိုသည်မှာ ဒေသခံလူထုကို ဆိုလိုပါသည်၊ သဘာဝအမွေအနှစ်များ မည်မျှပင်ကောင်းစေကာမူ လူနေထိုင်မှုမရှိသော ဒေသသို့မဟုတ် လူနေကျဲသောဒေသတို့ကို ဘူမိဥယျာဉ်အဖြစ် မသတ်မှတ်နိုင်ပါ။ ဥပမာ မြန်မာနိုင်ငံမြောက်ဖျားရှိ ခါကာဘိုရာဇီ တောင်တန်းဒေသသည် အပြည်ပြည်ဆိုင်ရာအဆင့်ရှိ ဘူမိနှင့် ဇီဝဆိုင်ရာ အမွေအနှစ်များ ပေါကြွယ်ဝလှသော်လည်း လူနေထိုင်မှုနည်းလွန်းသဖြင့် ဘူမိဥယျာဉ်တည်ထောင်ရန်မဖြစ်နိုင်ပေ။ သို့ရာတွင် တန်ဖိုးရှိလှသော ဘူမိနှင့် ဇီဝအမွေအနှစ်တို့ကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရန် အနာဂတ် ဘူမိဥယျာဉ်အဖြစ် ထည့်သွင်းအဆိုပြုထားပါသည်။

### အလားအလာကောင်းသည့်ဘူမိဥယျာဉ်များ

မြန်မာနိုင်ငံတစ်ဝန်းတွင် ဘူမိဥယျာဉ်တည်ထောင်ရန်အတွက် အခြေခံအင်္ဂါရပ်တို့ဖြင့် ပြည့်စုံသော ဒေသပေါင်းနှစ်ဆယ်ကျော်ခန့်ရှိသော်လည်း အလျင်အမြန် အကောင်အထည်ဖော်နိုင်မည့် အောက်ပါ ဘူမိဥယျာဉ်ဆယ်ခုကို ရွေးချယ်အဆိုပြုထားပါသည်။ (၁) ခါကာဘိုရာဇီ၊ (၂) ပူတာအို၊ (၃) အင်းတော်ကြီးကန်၊ (၄) ပုပ္ပါးတောင်၊ (၅) မုံရွာတွင်းတောင်၊ (၆) ပင်းတယ၊ (၇) အင်းလေးကန်၊ (၈) ဖွဲကပင်တောင်၊ (၉) ဘီလူးကျွန်းနှင့် (၁၀) မာန်အောင်ကျွန်းတို့ ဖြစ်ပါသည်။

### ခါကာဘိုရာဇီ ဘူမိဥယျာဉ်

"ခါကာဘိုရာဇီ" အမည်သည် တိဗက်စကား "ခါခါဘိုရာဇီ"မှ ဆင်းသက်လာပြီး ခါသည်နှင်း၊ ခါဘိုသည်အဖြူဟု အဓိပ္ပာယ်ရသည်။ ကချင်ပြည်နယ်ရှိ ရဝမ်လူမျိုးတို့၏စကားဖြစ်ပြီး "ခါကာပူ"ဆိုသည်မှာ အသံထွက်ခြင်း၊ ပြောခြင်း၊ ရာဇီဆိုသည်မှာ တောင်ဟု အဓိပ္ပာယ်ရသဖြင့် "အသံထွက်သောတောင်"ဟုအဓိပ္ပာယ်ရသည်။

ခါကာဘိုရာဇီတောင်သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်၊ ပူတာအိုခရိုင်တွင်း မြေပုံညွှန်း ၂၈° ၁၉' ၄၂" မြောက် ၉၇° ၃၂' ၀၈" အရှေ့တွင် တည်ရှိပြီး ဟိမဝန္တာတောင်တန်းဝန်းကျင်ရှိ အရန်တောင်တန်းများတွင် ပါဝင်ပါသည်။ မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်၊ တရုတ်နိုင်ငံ Xizangeနှင့် အိန္ဒိယနိုင်ငံ၊ အရူနာချာပြည်နယ်တို့နှင့် ဆက်စပ်လျက်ရှိသော ခါကာဘိုရာဇီတောင်သည် အမြင့်ပေ (၁၉၂၉၅)ရှိပြီး မြန်မာနိုင်ငံသာမက အရှေ့တောင်အာရှတွင် အမြင့်ဆုံးတောင်ဖြစ်သည်။

### ဇီဝမျိုးကွဲများ

ခါကာဘိုရာဇီဒေသကို နိုင်ငံတော်က ၁၉၉၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် သဘာဝထိန်းသိမ်းရေးဒေသအဖြစ်လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် အမျိုးသားဥယျာဉ်အဖြစ်လည်းကောင်း သတ်မှတ်ခဲ့သည်။ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်သည် အမြင့်ဆုံးဆီးနှင်းဖုံးတောင်ကြီးအဖြစ် တောင်တန်းများ၊ ရေတံခွန်များ၊ ရေစီးသန်မြစ်ချောင်းများ၊ သစ်ခွမဲများဖြစ်ထွန်းရာဒေသများ၊ သဘာဝနှင့်တောရိုင်းတိရစ္ဆာန်များ စိတ်ဝင်စားရာဒေသများ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ သတ္တဗေဒနှင့် ပထဝီဝင်ဘာသာရပ် စသည်တို့ကို ကွင်းဆင်းလေ့လာရန် အကောင်းဆုံးဒေသဖြစ်သည်။ ခါကာဘိုရာဇီဒေသသည် သစ်ပင်မျိုးစုံပေါက်ရောက်သည့် အမြဲစိမ်းသစ်တောတွင်း ကျရောက်လျက်ရှိပြီး ဧရာဝတီမြစ်၏ မြစ်ဖျားခံရာဒေသလည်းဖြစ်သည်။

ပန်ဒါအနီများ၊ သမင်များ၊ အပြာရောင်သိုးများ၊ အမဲရောင်ဒရယ်များ၊ ငှက်အမျိုးမျိုး၊ ရောင်စုံလိပ်ပြာများ စသည့်ဇီဝမျိုးကွဲများစွာ တွေ့ရသည်။ ယင်းတို့တွင် နို့တိုက်သတ္တဝါ ၄၂မျိုး၊ ငှက်အမျိုး ၃၇၀၊ reptiles and amphibians ၈၀ မျိုး၊ လိပ်ပြာအမျိုးပေါင်း ၈၀ နှင့် သစ်ပင်အမျိုးပေါင်း၂၉၇ မျိုးရှိသည်။

ကမ္ဘာပေါ်တွင် ရုက္ခဗေဒအမည် (Paphiopedium Wardii) ခေါ်သစ်ခွနက်မျိုးသည် အလွန်ရှားပါးလှသော်လည်း ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အလယ်တွင် စနစ်တကျ ပေါက်ရောက်နေသည်ကို တွေ့ရသည်။ သစ်ခွနက်ကို အနီးကပ်ကြည့်ရှုပါက ယင်း၏ပုံသဏ္ဍာန်သည် ညှပ်ဖိနပ်နှင့် အလွန်တူပြီး အရောင်မှာ ညိုမှိုင်းမှိုင်းဖြစ်သည်။ အခြားသစ်ခွပင်မျိုးစုံကိုလည်း တွေ့ရှိနိုင်သည်။



### ဘူမိဗေဒ

ကချင်ပြည်နယ်၏ ဒေသအများစုမှာ တာရှရီအစောပိုင်းကာလများအတွင်း Himalayan Arc အတွင်းတိုက်ကြီးများထိပ်တိုက်တွေ့ရှိပြီး အလျင်အမြန် ပင်လယ်ရေပြင်အထက်သို့ မြင့်တက်လာခြင်းကြောင့် ဖြစ်သည်။ အလျင်အမြန် မြင့်တက်ပေါ်ထွက်မှုကြောင့် ပရီကင်ဘရီယံသက်တမ်းရှိ crystalline အသွင်ပြောင်းကျောက်များ နေရာအနှံ့တွေ့ရသည်။ ဝေးလံပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ကချင်ပြည်နယ်၏ ဘူမိဗေဒကို အနည်းငယ်သာ သိရှိရသေးသည်။

သို့ရာတွင် ရွှေနှင့် ကမ္ဘာကျော် ကျောက်စိမ်းစသည့် အဖိုးတန်သတ္တုသိုက်များ ကြွယ်ဝလှပေသည်။ မြန်မာနိုင်ငံ၏ မြောက်ဘက်အစွန်းတွင် ကျရောက်နေသည့် ခါကာဘိုရာဇီတောင်တန်းသည် အဓိကအားဖြင့် ကင်ဘရီယံသက်တမ်းရှိ ချောင်းမကြီး အုပ်စုဝင်ကျောက်များတွေ့ရပြီး မီးတောင်ကျောက်များကိုလည်း အနည်းငယ်တွေ့ရသည်။ ချောင်းမကြီးအုပ်စုတွင် ပရီကင်ဘရီယံသက်တမ်းရှိဖီးလိုက်၊ ကွာဇိုက်၊ အသွင်ပြောင်း အဆင့်နိမ့် ရှစ်ကျောက်နှင့် ဂရေးဝက်ကီကျောက်များ ပါဝင်သည်။

ရုက္ခဗေဒပညာရှင် F.Kingdon War က ယင်း၏ ၁၉၂၂ခုနှစ်ထုတ် " In Farthest Burma" စာအုပ်တွင် ကချင်ပြည်နယ်တောင်တန်းတို့သည် အညိုရောင်၊ အသားရောင်နှင့် အနီရောင်နှမ်းဖတ်ကျောက်တုံးငယ်များပါဝင်သော ပွရောင်းနေသည့် အနယ်ကျများတွေ့ရပြီး ရေကန်(သို့မဟုတ်)ပင်လယ်ရေတိမ်ပိုင်း(သို့မဟုတ်)မြစ်ဝဒေသတို့တွင် ပို့ချသည့် နှမ်းဖတ်ကျောက်နှင့် အခြား crystalline ကျောက်တို့မှကျဆင်းလာသည့် ဗဟန်းနှင့်သံကြွယ် nodule များဖြင့် ဖွဲ့စည်းထားသည်။ တောင်ပိုင်းဒေသတွင် မိုက်ကာရှစ်ကျောက်တို့သည် တောင်၊ အရှေ့ (သို့မဟုတ်) အရှေ့/တောင်/အရှေ့သို့ ၃၀° မှ ၉၀° ခန့်အထိ ငိုက်စောင်းနေပြီး၊ အညိုရင့်ရောင်သင်ပုန်းကျောက်တို့ရှိ သလင်းကြောတို့မှာ ၉၀°အရှေ့သို့ ငိုက်စောင်းနေပါသည်ဟု ဖော်ပြထားသည်။

### လမ်းပန်းဆက်သွယ်ရေး

ရန်ကုန်မှမြစ်ကြီးနားသို့ လေယာဉ်ဖြင့် ၂ နာရီခရီး၊ မြစ်ကြီးနားမှပူတာအိုသို့ လေယာဉ်ဖြင့် ၂၅ မိနစ်ခရီး၊ ပူတာအိုမှနောင်မွန်းသို့ ကားဖြင့် ၃၅ မိုင်ခရီး။

### လေ့လာရန်ဘူမိနယ်မြေများ

ခရီးသွားများနှင့် သုတေသနပညာရှင်များအတွက် ဆီးနှင်းဖုံးတောင်များပေါ်သို့ တက်ရောက်လေ့လာခြင်း၊ ဧရာဝတီမြစ်၏ မြစ်ဖျားခံရာဒေသ၏ ဘူမိရုပ်သွင်များ၊ အဓိကမြစ်ချောင်းများ၊ ဘူမိဗေဒဆိုင်ရာ အရေးပါသည့်နေရာများ၊ ဒေသခံရဝမ်၊ လီဆူး၊ မြန်မာ၊ တိဗက်လူမျိုးတို့၏ လူနေမှုစနစ်များနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကိုလေ့လာခြင်း၊ ပေါက်ရောက်သစ်ပင်မျိုးစုံနှင့် ရှားပါးတိရစ္ဆာန်များနှင့်ဘာသာရပ်အသီးသီးအတွက် သုတေသနပြုလုပ်နိုင်သည့်နေရာများ ပြည့်စုံလှပေသည်။

### ဘူမိဥယျာဉ်အလားအလာ

ခါကာဘိုရာဇီဒေသသည် ထူးခြားသည့် ဘူမိနှင့် ဇီဝအမွေအနှစ်များ ပေါကြွယ်ဝစွာ တည်ရှိနေသော်လည်း လက်ရှိအခြေအနေတွင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ ရှိနေသေးခြင်း၊ လူနေကျဲသေးခြင်းတို့ကြောင့် ဘူမိဥယျာဉ် အရည်အချင်း ပြည့်မီရန်လိုအပ်ပါသေးသည်။ ဘူမိဥယျာဉ်သည် ဘူမိဗေဒတစ်မျိုးတည်းအတွက် အထူးပြုသထားသော လေဟာပြင်ပြခန်းလည်းမဟုတ်၊ ကျောက်မျိုးစုံပြသထားသော ကျောက်ဥယျာဉ်လည်းမဟုတ်၊ သက်ရှိနှင့် သက်မဲ့ ဇီဝနှစ်မျိုးစလုံးနှင့် ဒေသတွင်းရှိ တစ်မူထူးခြားသော ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံတို့ကို၊ ဒေသခံနှင့် ဧည့်သည်တို့အား ပညာပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခြင်း စသည်တို့ကို ခြုံငုံစဉ်းစားလျက် ဒေသခံကျွမ်းကျင်သူများနှင့် ဖွဲ့စည်းထားသည့်ကော်မတီက စီမံအုပ်ချုပ်ထားသည့်နယ်မြေကို ဆိုလိုသည်။ တိုးတက်ဖွံ့ဖြိုးရေးကို ဒေသ၏ လူနေမှု၊ စားဝတ်နေရေး၊ ပညာရေး၊ စီးပွားရေး စသည်တို့အပေါ် အခြေခံ၍ တိုင်းတာအကဲဖြတ်ပါသည်။ သို့အတွက် ယခုအခါ အကောင်အထည်မဖော်နိုင်သေးသည့် ခါကာဘိုရာဇီဒေသကို အနာဂတ်မျိုးဆက်သစ်များအတွက် ဆက်လက်ဆောင်ရွက်နိုင်ရန် အဆိုပြုထားခြင်းဖြစ်ပါသည်။

**သန်းထွန်း(ဘူမိသိပ္ပံ)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ လူငယ်အားလုံးအနေဖြင့် "အတ္တနှင့် ပရ" မျှတအောင် ပြုမူကျင့်ကြံ နေထိုင်ကြရန် လိုအပ်...

❖ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်လိုသည့် စိတ်ကောင်းစေတနာ ရှိရန် လိုအပ်...

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဝဇီရာရုပ်ရှင်ရုံပြင်ဆင်ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး

# တရုတ်နိုင်ငံက ပြန်ကြားရေးဝန်ကြီးဌာနသို့ "သူချစ်" မြန်မာရုပ်ရှင်ဇာတ်ကား လွှဲပြောင်းပေးအပ်ပွဲ တက်ရောက်

**ရန်ကုန် မတ် ၁**

မြန်မာ-တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခြင်း(၇၅)နှစ်မြောက် အထိမ်းအမှတ် တရုတ်နိုင်ငံက ပြန်ကြားရေးဝန်ကြီးဌာနသို့ "သူချစ်" မြန်မာရုပ်ရှင်ဇာတ်ကား လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Dr.Zheng Zhihong နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားမှူးက "သူချစ်" မြန်မာရုပ်ရှင်ဇာတ်ကား အကျဉ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ရုပ်ရှင်အနုပညာသည်အနုပညာနယ်ပယ် အရပ်ရပ်အနက် လွှမ်းဆော်နိုင်မှုစွမ်းပကားကြီးမားပြီး သြဇာအာဏာသက်ရောက်မှုရှိသကဲ့သို့ လူ့အသိုင်းအဝိုင်းနယ်ပယ်အတွင်း ထိုးထွင်းဝင်ရောက်နိုင်စွမ်း ရှိပါကြောင်း၊ ရုပ်ရှင်တွင် ဖော်ကျူးထားသည့် အနုပညာလက်ရာများကလည်း နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း၊ ယဉ်ကျေးမှုအချင်းချင်းနီးနှောပေါင်းစပ် ပေးနေသည့်အနုပညာသုခုမပညာရပ်ပင်ဖြစ်ပါကြောင်း။

နိုင်ငံအချင်းချင်း၊ လူမျိုးအချင်းချင်းဆက်ဆံရာတွင် အချို့က ဘာသာစကားနားမလည်သည့်တိုင် ရုပ်ရှင်တွင် ရိုက်ကူးဖော်ပြချက်များကြောင့် လူသားအချင်းချင်း၊ နှလုံးသားအချင်းချင်း နားလည်မှုရရှိပြီး၊ ပိုမိုရင်းနှီးလာစေပါကြောင်း၊ ယခုကဲ့သို့ ရုပ်ရှင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းမှသည် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်သည့် အစဉ်အလာကို ထိန်းသိမ်းပြီး တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုလည်း ပိုမိုခိုင်မြဲပါစေဟု ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီးက "သူချစ်" ရုပ်ရှင်ဇာတ်ကား Hard Disk နှစ်စုံကို ပေးအပ်သည်။

ဆက်လက်၍ သံမှူးကြီးက "သူချစ်" ရုပ်ရှင်ဇာတ်ကားကို လွှဲပြောင်းပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ သံမှူးကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် "သူချစ်" ရုပ်ရှင်ဇာတ်ကားပြသမှုကို ကြည့်ရှုအားပေးကြသည်။




ယခုပေးအပ်သည့် "သူချစ်" ရုပ်ရှင်ဇာတ်ကားကို ၁၉၅၁ ခုနှစ်တွင် ဗြိတိသျှဘားမားရုပ်ရှင်က ထုတ်လုပ်ခဲ့ပြီး ဒါရိုက်တာ ဦးချန်ထွန်း ရိုက်ကူးခဲ့ကာ အေဝမ်း ညွန့်မောင်၊ မေမြင့်တို့ပါဝင် သရုပ်ဆောင်ထားသည်။ ဒါရိုက်တာ ဦးချန်ထွန်းရိုက်ကူးသည့် ရုပ်ရှင်ဇာတ်ကားများအနက် "သူဇာ" နှင့် "သူချစ်" ရုပ်ရှင်ဇာတ်ကားများမှာ ထူးချွန်ပြောင်မြောက်ခဲ့ပြီး "ဂုဏ်" ဇာတ်ကားသည်လည်း အောင်မြင်ကျော်ကြား လူကြိုက်များခဲ့သည်။ "သူချစ်" ရုပ်ရှင်ဇာတ်ကားသည် ထိုခေတ်က

စာမျက်နှာ ၄ သို့ ■

---

# ၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ရှုံးပွဲမရှိ ပိုလ်စွဲ၊ ချန်ပီယံဆုကို သုံးရာသီဆက် ရှုံးပွဲမရှိမှတ်တမ်းဖြင့် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအတွက် မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲ၏ ချန်ပီယံဆုကို လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက တစ်ရာသီလုံးရှုံးပွဲမရှိ စံချိန်ဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။

မတ် ၁ ရက်က တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပခဲ့သည့် ရာသီပိတ် နောက်ဆုံးပွဲစဉ် ပွဲစဉ်(၂၂)ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် အိမ်ရှင် ရှမ်းယူနိုက်တက်အသင်းက လေးဂိုးပြတ်အနိုင်ရရှိခဲ့ပြီးနောက် ရှုံးပွဲမရှိစံချိန်ဆက်လက်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ၂၀၂၄-၂၀၂၅ အမှတ်ပေးဘောလုံးပြိုင်ပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၆၂ မှတ်ဖြင့် အဆင့်(၁)၊ ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၅၁ မှတ်ဖြင့် အဆင့်(၂)နေရာနှင့် ဟံသာဝတီယူနိုက်တက်အသင်းက ရမှတ် ၄၄ မှတ်ဖြင့် အဆင့်(၃)နေရာရရှိခဲ့သည်။ ထို့အတူ အဆင့်(၄)နေရာကို ရမှတ် ၄၀ မှတ်ရရှိသည့် ဒဂုံစတားယူနိုက်တက်နှင့် အဆင့်(၅)နေရာအား ရမှတ် ၃၃ မှတ်ရရှိသည့် မဟာယူနိုက်တက်အသင်းတို့က ရပ်တည်နိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် အမှတ်ပေးချန်ပီယံဆုကို (၆)ကြိမ်မြောက်(၂၀၁၇၊ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၂၊ ၂၀၂၃၊ ၂၀၂၄-၂၀၂၅)ရရှိခြင်းဖြစ်ပြီး မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၏ အအောင်မြင်ဆုံးအသင်းဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။ **(NGB)**